# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၇)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်၊ ၁၇-၉-၂၀၂၄၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ဖွားစောကျေးရွာအနီးရှိ ဇေယျဝတီ(ဇယဝေရီ)ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေလှောင်ကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

## ရေလှောင်ကန်များအားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက်ဧရိယာတစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်မှုမရှိစေရေး ရှေးဟောင်းကန်များ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၃ သို့

**နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်**

**(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၃ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့။

## တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

ဗုဒ္ဓဘာသာဝင်တို့၏ ၁၂ လရာသီ အခါတော် နေ့ကြီးရက်ကြီးများတွင် ဂရုဓမ္မအခါတော်နေ့ဟု တွင်သော တော်သလင်းလပြည့်နေ့သည် သီလနှင့် ပတ်သက်၍ အစဉ်အလာကောင်း နေ့ထူးနေ့မြတ်တစ်ခုဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ထူးမြတ်တင့်တယ်ပြီး ငြိမ်းချမ်းသာယာလှပမှုအသွင်ဆောင်သော တော်သလင်းလပြည့်နေ့အခါသမယကာလကို ရောက်ရှိပြီဖြစ်သည်။

ဂရုဓမ္မဟူသည် ငါးပါးသီလပင်ဖြစ်သည်။ မြတ်စွာဘုရားမပွင့်မီ ဘုရားအလောင်းတော်ဘဝ ကုရုတိုင်းတွင် အုပ်ချုပ်မင်းလုပ်စဉ်ကာလကပင် ဘုရင်မင်းမြတ်နှင့် တိုင်းသူပြည်သားအားလုံး ငါးပါးသီလကို အလေးအနက်ပြုစောင့်ထိန်းခဲ့ကြ၍ ကုရုဓမ္မဟူ၍ ရှေးဦးအမည်တွင်ခဲ့သည်။ ကုရုဓမ္မ အမည်ရ ဤငါးပါးသောသီလကို သာသနာပကာလကတည်းက ကျင့်သုံးခဲ့ကြသည်ဟု ဆိုလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အိန္ဒိယနိုင်ငံတွင် ကုရုတိုင်းနှင့် ကာလိင်္ဂတိုင်းဟူ၍ ရှိသည်။ ကုရုတိုင်းသည် မိုးလေဝသမှန်နေသောကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည်၊ ဆန်ရေစပါးပေါများသည်။ အစားအသောက်ဖူလုံသည်။ စည်ပင်ဝပြောနေသောကြောင့် အေးငြိမ်းချမ်းသာနေသည်။ ကာလိင်္ဂတိုင်းတွင် မိုးလေမမှန်ဖြစ်နေသည်။ မိုးလေဝသ ဖောက်ပြန်နေသည်။ မိုးခေါင်နေသောကြောင့် စားနပ်ရိက္ခာ ရှားပါးလာသည်။

ကုရုတိုင်းတွင် ဆင်တော်မင်္ဂလာရှိပြီး ကာလိင်္ဂတိုင်းတွင် ဆင်တော်မင်္ဂလာမရှိ၍သာ မိုးခေါင်နေရခြင်းဖြစ်မည်ဟု ထင်ယောင်ထင်မှားဖြစ်လာကြသည်။ ထို့ကြောင့် ကာလိင်္ဂမင်းက ကုရုမင်းထံ သံတမန်စေလွှတ်ပြီး ဆင်တော်မင်္ဂလာကို တောင်းခံတော်မူသည်။ ကာလိင်္ဂမင်း တောင်းခံလာသော ဆင်တော်မင်္ဂလာကို ကုရုမင်းက ကြည်ကြည်ဖြူဖြူပေးလှူလိုက်သည်။ ကာလိင်္ဂတိုင်းသို့ ဆင်တော်မင်္ဂလာ ရောက်ရှိနေသော်လည်း မိုးက မရွာဘဲ ခေါင်မြဲခေါင်နေသည်။

ကာလိင်္ဂမင်းသည် မိုးကောင်းခြင်း၊ မိုးခေါင်ခြင်းကား ဆင်တော်မင်္ဂလာ ရှိခြင်း၊ မရှိခြင်းနှင့် သက်ဆိုင်ခြင်းမရှိသည်ကို သတိမမူမိလေသည်။ ကုရုမင်းနှင့် ကုရုတိုင်းသူတိုင်းသားတို့ ကျင့်သုံးသည့် ကုရုဓမ္မကြောင့်သာ ဖြစ်ရမည်ဟု သတိမူမိလာသည်။ ထို့ကြောင့် ကုရုမင်းထံ သံတမန်စေလွှတ်ကာ ကုရုတိုင်းတွင် ကျင့်သုံးတော်မူသည့် "ကုရုဓမ္မ"ကို တောင်းခံတော်မူပြန်သည်။ ကုရုမင်းကလည်း ပေးသနားတော်မူသည်။ သံတမန်အဖွဲ့သည် ကုရုဓမ္မကို ရွှေပြားပေါ်တွင် ကူးယူလာပြီး ကာလိင်္ဂမင်းထံ ဆက်သလိုက်ပါသည်။ ကာလိင်္ဂမင်းသည် ကုရုတိုင်းတွင် ကျင့်သုံးစောင့်ထိန်းတော်မူသည့် ကုရုဓမ္မကို ကိုယ်တော်တိုင်လည်း ကျင့်သုံးစောင့်ထိန်းတော်မူသည်။ ကာလိင်္ဂတိုင်းသူ တိုင်းသားအားလုံးကိုလည်း ကျင့်သုံးစောင့်ထိန်းစေသည်။ မကြာမီ မိုးကြီးရွာသွန်းခဲ့သည်။ မိုးခေါင်ခြင်းဘေးမှ လွတ်ကင်းလေပြီ။ မိုးလေမှန်လာသည်။ သာယာဝပြောသည့် ကာလိင်္ဂတိုင်းကြီးဖြစ်လာသည်။ "ကုရုဓမ္မ"ကို ကျင့်သုံးစောင့်ထိန်းသောကြောင့် ရရှိလာသော ကောင်းကျိုးချမ်းသာဖြစ်ပါသည်။ "ကုရုဓမ္မ" သည်ကား "ဂရုဓမ္မ"ဟူသော ငါးပါးသီလပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဂရုဓမ္မဟူသော ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲမြံမြံကျင့်သုံးစောင့်ထိန်းကြပါမှ ယခုဘဝမှာရော နောင်ဘဝများမှာပါ ကောင်းကျိုးချမ်းသာခံစားကြရမည်ဖြစ်ပါသည်။ တော်သလင်းလပြည့်နေ့ ဂရုဓမ္မအခါတော်နေ့သည် ငါးပါးသီလကို စောင့်ထိန်းကြရန် နှိုးဆော်သတိပေးနေသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပဥ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်တွင် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေရှိ လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်ဥပဒေရုံး၌ ကျင်းပခဲ့သည်။



ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့၏ လုပ်ငန်းလမ်းညွှန်ချက်များ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းက ဦးစီးဌာန အသီးသီးရှိ ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာလမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေရှိ ဥတ္တရခရိုင်၊ လယ်ဝေးခရိုင်၊ ဇေယျာသီရိခရိုင်နှင့် ပျဉ်းမနားခရိုင်ဥပဒေရုံး၊ ယင်းတို့၏ ခရိုင်များအတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း ၆၅ ဦးနှင့် အမှုထမ်း ၂၃ ဦး စုစုပေါင်း ၈၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

## ကျောက်ဆည်-ထုံးကြီး-မြစ်သားလမ်းကြားရှိ ရေကြီးမှုကြောင့် မျောပါခဲ့သည့် တံတားအား ယာယီလူကူးဝါးတံတားဆောက်လုပ်



**မန္တလေး စက်တင်ဘာ ၁၆**

စက်တင်ဘာလ ဒုတိယပတ်အတွင်း မိုးသည်းထန်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ သင်းဒီးချောင်း (ဇော်ဂျီမြစ်ရေသောက်မြောင်း)နှင့် ဆက်စပ်လျက်ရှိသည့် ဒါန်းချောင်းရေ မြင့်တက်မှုကြောင့် ကျောက်ဆည်-တံစိုး-မင်းစု-ထုံးကြီး-မြစ်သားလမ်း 10km-11 km ကြားရှိ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ အရှည် ပေ ၄၀ ရှိ တံတားအမှတ်(၆/၈)မှာ စက်တင်ဘာ ၁၁ ရက်က ရေတိုက်စား၍ တံတားပျက်စီးမျောပါခဲ့ပြီး အချို့နေရာများတွင် လမ်းပေါ်ထိ ရေအမြင့် ၃ ပေထိ ကျော်တက်ခဲ့သည်။

အဆိုပါ ပျက်စီးမှုကြောင့် ပြည်သူများ သွားလာရေးခက်ခဲနေ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ၍ ယာယီလူကူးဝါးတံတားအား ဆောလျှင်စွာပြုလုပ်ပေးခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ သို့ဖြစ်၍ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးငယ်များပါ အန္တရာယ်ကင်းစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခု စက်တင်ဘာလအတွင်း မိုးသည်းထန်မှုကြောင့် နိုင်ငံအနှံ့အပြား မြို့၊ ရွာများ၌ ရေကြီးရေလျှံမှုသည် ပြည်သူအချို့၏ အသက်များပါ ဆုံးရှုံးခဲ့ရသည့်အပြင် အိုးအိမ်၊ ယာဉ်၊ ကျွဲ၊ နွားတိရစ္ဆာန်၊ စိုက်ခင်းများစွာကိုပါ ပျက်စီးခဲ့သည့် သဘာဝဘေးတစ်ခု ဖြစ်ခဲ့သည်။ အများဆုံး ရေကြီးရေလျှံဘေးကြုံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲများက အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများအား အဆောတလျင် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၅၄)**

## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး)(AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် CEA ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ဆက်လက်ပြီး မူးယစ်သမိုင်းကြောင်းကို အသင်း၏အလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က ပြောကြားပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ဦးသန့်ဇင်ဦးနှင့် ဒေါ်သင်းသင်းဦးတို့က မေးခွန်းမေးမြန်းပြီး ဖြေဆိုသူများအား အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆုလက်ဆောင်ပစ္စည်းချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန် ရွတ်ဆိုကြသည်။ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၆၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၅၆)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❂ ရှေ့ဖုံးမှ

## မြကန်ရေလှောင်တမံ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာသက္ကရာဇ် ၄၅၀ ခုနှစ်၊ ခရစ်နှစ် ၁၀၈၈ ခုနှစ်၊ ပုဂံခေတ် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျန်စစ်သားမင်းကြီး တည်ဆောက်ခဲ့သည့် မြကန်ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန် ၉၁ ကန်အနက် တူးဖော်ပြီး၊ တူးဖော်ဆဲ၊ ဆက်လက်တူးဖော်ရန်ကျန်နှင့် တူးဖော်ရန်မလိုသည့် ရေကန်များ၏ အခြေအနေများ၊ ဝန်ကြီးဌာနများမှ တာဝန်ယူ ဆောင်ရွက်သည့် ရေကန်များနှင့် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်သည့် ရေကန်များ၏ အခြေအနေများ၊ ရေဝင်ရေထွက်လမ်းကြောင်းများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိသောကြောင့် ရာဂီမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန် မိုးသည်းထန်စွာရွာသွန်းခဲ့ချိန်၌ သတ်မှတ်လမ်းကြောင်းများ အတိုင်းစီးဝင်ခဲ့မှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးရေချိန် စုစုပေါင်း ၁၀ ဒသမ ၇၁ လက်မအထိ ရှိခဲ့သော်လည်း ရေဝင်ရေထွက်လမ်းကြောင်းများရှင်းလင်းခြင်းနှင့် ရေကန်များကို ကြိုတင်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထားရှိသောကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း မရှိဘဲ သတ်မှတ်လမ်းကြောင်းများနှင့် ရေကန်များအတွင်းသို့ စီးဝင်ခဲ့မှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့ချိန်၌ သာသနာရေးဆိုင်ရာ အဆောက်အအုံ ၁၂ ခုသာ မိုးရေစိမ့်ဝင်မှုကြောင့် အနည်းငယ် ထိခိုက်ပျက်စီးခဲ့ပြီး ရေဝင်ရေဝပ်မှုကြောင့် ပျက်စီးခဲ့ခြင်းမရှိသည်ကို တွေ့ရှိရသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် မေလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့လာရောက်စဉ် ပုဂံဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ရေဝင်ရေထွက် ကောင်းမွန်စေရေးအတွက် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြကန်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ မြကန်တမံအား ဘူမိရူပဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများအရ ရေစိမ့်ယိုမှုအနည်းငယ်နှင့် ရေငွေ့ပြန်မှု များပြားခြင်းတို့ကြောင့် ရေသိုလှောင်ထားနိုင်မှု နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများနှင့် ရေဝင်လမ်းကြောင်းများကို ရှင်းလင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြကန်အတွင်း ရေဝင်ရောက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြကန်သည် သမိုင်းတွင် ထင်ရှားခဲ့သည့် ကန်ကြီးဖြစ်သည့်အတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရေယိုစိမ့်မှုမရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်းစနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး၊ ရေဝင်ရေထွက် ကောင်းမွန်စေရေး အဓိကထား ဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက တုရင်တောင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ တုရင်တောင်ကြော အပါအဝင်ပုဂံဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရှေးဟောင်းနေရာများနှင့် ကင်းလွတ်သည့်နေရာများတွင် သစ်ပင်များစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင် မိတ္ထီလာ-ကျောက်ပန်းတောင်း - ညောင်ဦး ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ စိုက်ခင်းများ တည်ဆောက်ထားမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ သစ်တောများ စိုက်ပျိုးရာတွင် သမားရိုးကျ စိုက်ပျိုးသည့် နည်းစနစ်များအပြင် သစ်ပင်သစ်တောထု ရရှိစေရေးအတွက်လည်း နည်းလမ်းများ ရှာဖွေ၍ စိုက်ပျိုးကြရန် လိုအပ်မှုများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြကန်ရေလှောင်တမံ ဧရိယာအတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ဇေယျဝတီ(ဇယဝေရီ)ကန်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အရှေ့ဖွားစောကျေးရွာအနီးရှိ ဇေယျဝတီ(ဇယဝေရီ)ကန်သို့ ရောက်ရှိကြရာ ရေဝင်ရောက်နေမှု အခြေအနေများနှင့် ရေဝင်ရောက်ရာ လမ်းကြောင်းတွင် နုန်းစစ်ကန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် ရေဝင်ရောက်ရာ လမ်းကြောင်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး၊ ရေကန်ကြံခိုင်မှုအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

### မင်္ဂလာကန်အမှတ်(၃)
### (မွန်းတိမ်းကန်)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနောက်ဖွားစောကျေးရွာအနီးရှိ မင်္ဂလာကန်

စာမျက်နှာ ၄ သို့ »»





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြကန်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။





ဇေယျဝတီ(ဇယဝေရီ)ကန် ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။





မြကန်ရေလှောင်တမံ ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစဉ်။

# ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပံ့ဖော်နေခြင်းပင်ဖြစ် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအားပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံယဉ်ကျေးမှုပြတိုက်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**ညောင်ဦးခရိုင်ဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဌာနဆိုင်ရာအလိုက် လုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိမှု၊ မြေအသုံးချမှု၊ မိုးရွာသွန်းမှုနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရာသီအလိုက် သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ဆီထွက်သီးနှံများအား အထူးဇုန်များဖြင့် စိုက်ပျိုးလျက်ရှိမှု၊ ဒေသတွင်းဆန်နှင့် ဆီဖူလုံမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ချေးပေးထားမှုနှင့် ပြန်လည်ပေးဆပ်မှု၊ ဆည်တာတမံများ တည်ရှိမှု၊ သောက်သုံးရေ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးထားမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှု၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိမှု၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေကန်များအတွင်း ရေဝင်ရောက်မှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရှေးဟောင်းအဆောက်အဦတချို့ ထိခိုက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ညောင်ဦးခရိုင်အတွင်း သီးနှံများ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသထုတ်ကုန်များဖြင့် MSME လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးလှမိုးနှင့် ဦးမျိုးသန့်တို့က ညောင်ဦးခရိုင်အတွင်း ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ပုဂံညောင်ဦးဒေသအတွင်း လမ်းအဆင့်မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လမ်းများကို လမ်းအင်္ဂါရပ်များနှင့်ညီစေရန်နှင့် လမ်းညွှန်အမှတ်အသားများ စနစ်တကျဆောင်ရွက်ရန် လိုအပ်မှု၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ညောင်ဦးမြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှု၊ လူသွားလမ်းများ စနစ်တကျရှိစေရေး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းများ ဖောက်လုပ်ရာတွင် လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများကို ထည့်သွင်းတည်ဆောက်ထားရှိရန်လိုကြောင်း၊ ရေနုတ်မြောင်းများမရှိခြင်းကြောင့် မိုးရွာသွန်းချိန်တွင် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများပေါ်၌ သဲနုန်းများတင်လျက်ရှိကြောင်း၊ ယခင်နှစ်က မိုးခါမုန်တိုင်းဖြစ်ပေါ်ခဲ့စဉ် တွေ့ကြုံခဲ့ရသည်များကို သင်ခန်းစာယူ၍ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ရေကန်များ ပြန်လည်ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သဖြင့် စာမျက်နှာ ၅ သို့ ☆





မင်္ဂလာကန် အမှတ် (၃) (မွန်းတိမ်းကန်) ပြုပြင်ပြီးစီးမှု(ဝဲပုံ)နှင့် ရေဝင်ရောက်နေမှု(ယာပုံ)ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၃ မှ

အမှတ်(၃) (မွန်းတိမ်းကန်) အတွင်း ရေဝင်ရောက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေဝင်ရောက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေလှောင်ကန်များ အားလုံး၏ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ဆည်ရေသောက် ဧရိယာတစ်လျှောက် လမ်းကြောင်းများအတွင်း ရေကြောင်းပိတ်ဆို့မှု မရှိစေရေး၊ ရေဝင်ရေထွက်ကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေလှောင်တမံများ၊ ရေကန်များရှိ ရေထိန်းတမံဧရိယာများအတွင်း ရေထိန်းတမံထိန်း သစ်ပင်များ စိုက်ပျိုးထားရန် လိုကြောင်း၊ ကန်များ အနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးသီးနှံ စိုက်ပျိုးခြင်းများ ဆောင်ရွက်မှုကြောင့် ရေကန်အတွင်းသို့ ရေဝင်ရောက်မှု လျော့နည်းနိုင်သည့်အတွက် သီးနှံစိုက်ပျိုးမှုများကို သတ်မှတ်အကွာအဝေးတွင်သာရှိစေရေး စည်းကမ်းများ၊ ဥပဒေများနှင့်အညီ တားမြစ်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခု ရေကန်များအတွင်း ယခုကဲ့သို့ ရေများစုဆောင်းထားရှိနိုင်သည့်အတွက် သုံးရေအတွက် အထောက်အကူ ပြုစေနိုင်မည်ဖြစ်သကဲ့သို့ ပုဂံဒေသ စိမ်းလန်းစိုပြည်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်သဖြင့် တမံများ၊ ရေကန်များကို စနစ်တကျ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**ပါဝင်လှူဒါန်း ကုသိုလ်ယူလျက်ရှိ**

ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး၊ စိမ်းလန်းစိုပြည်၍ ခရီးသွားများအား ဆွဲဆောင်နိုင်ရေးအတွက် ရှေးဟောင်း ရေကန်များအား ပြန်လည်တူးဖော်ပြုပြင်၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တာဝန်ရှိသူများက စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ထာဝရကုသိုလ်ဖြစ်သည့် ရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် စေတနာရှင်ပြည်သူများအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်လှူဒါန်း ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ စာမျက်နှာ ၄ မှ
ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်းမိုးများ သည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့စဉ် ညောင်ဦးခရိုင်အနေဖြင့် ထိခိုက်မှုအနည်းငယ်သာရှိခဲ့သည်ကို တွေ့ရကြောင်း၊ အလားတူ လမ်းညွှန်အမှတ်အသားများ ကိုလည်း သတ်မှတ်ထားသည့် အင်္ဂါရပ်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်ထားရှိရန်လိုကြောင်း ဖြည့်စွက်မှာကြားသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဒေသအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များအပေါ် တိကျစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့လုပ်ငန်း တာဝန်နှင့်ပတ်သက်၍ သိရှိအောင် အမြဲလေ့လာဆောင်ရွက်ပြီး မိမိတို့တာဝန်ယူထားရသည့် လုပ်ငန်းတာဝန်လိုက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်မှုရှိရမည်ဖြစ်ကြောင်း။

ဒေသ၏ ပညာရေးပိုင်းနှင့်ပတ်သက်၍စာရင်းဇယားများအရ ညောင်ဦးခရိုင်အတွင်း လူဦးရေငါးသိန်းကျော်ခန့်ရှိသည်ကို တွေ့ရှိရသော်လည်းကျောင်းသားကျောင်းသူများမှာ လူဦးရေ၏ ၁၇ ရာခိုင်နှုန်းကျော်သာရှိသဖြင့် ရာခိုင်နှုန်းနည်းပါးကြောင်း၊ အထက်တန်းအဆင့်အထိ တက်ရောက်သည်မှာ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်း အထိသာရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုများသည်လည်း နည်းပါးနေကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် အများဆုံးနေရပြီး ကျောင်းစည်းကမ်းများကို လိုက်နာရကြောင်း၊ အထက်တန်းပညာအထိ သင်ကြားခဲ့ရသည့် ကျောင်းသားများနှင့် မူလတန်းပညာအထိသာ သင်ကြားခဲ့ရသည့် ကျောင်းသားများ၏ စည်းကမ်းလိုက်နာမှုများမှာ တူညီမှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး အနည်းဆုံး KG + 9 အထိ မဖြစ်မနေ သင်ကြားထားရန် လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT နည်းပညာ၊ AI နည်းပညာခေတ်တွင် လူတိုင်း အလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကို အားပေးဆောင်ရွက်ကြစေရေး တာဝန် ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် အသိပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ပညာတတ်မှသာ အတွေးအခေါ်များ ကောင်းမွန်တိုးတက်လာပြီး စဉ်းစားဆင်ခြင်တုံ တရားများလည်းမြင့်မားလာမည်ဖြစ်ကြောင်း။

### ဒေသ၏ ပညာရည်မြင့်မားရေး

ထို့ပြင် ပညာရေးအားပေးရမည်ဖြစ်သကဲ့သို့ စာဖတ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်အနေဖြင့်မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့် အရွယ်သို့ ရောက်ရှိနေသူများအနေဖြင့် ဘဝတိုးတက်ရေးအတွက် သိရှိရန်လိုအပ်သည့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည် ဖြစ်ကြောင်း၊ အခြေခံပညာ ကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများ တိုးတက်လာပြီး ဗဟုသုတအသိအမြင်များ ပိုမို သိရှိလာမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန် ထမ်းဆောင်နေရသည့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### စိုက်ပျိုးရေး

ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအရ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့စိုက်ပျိုးသည့် သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသအတွင်း ဖူလုံမှုများတိုးတက်လာမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးတို့အတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုသကဲ့သို့ မြေပြုပြင်ခြင်းနှင့် ပတ်သက်၍လည်း မြေဩဇာထည့်သွင်းခြင်း အပါအဝင် သွင်းအားစုများ အလုံအလောက် စိုက်ထည့်ရမည်ဖြစ်ကြောင်း၊ မြေဩဇာနှင့်ပတ်သက်၍ သစ်စိမ်းမြေဩဇာကို စိုက်ပျိုးဆောင်ရွက်၍ ရသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့်လည်း ဇီဝမြေဩဇာကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေးဆောင်ရွက်နိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေတင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည် ဖြစ်သော်လည်း ဥစ္စာရှင်းလို၊ ဥစ္စာရှင်းခဲ ဟူသည့် စကားနှင့်အညီ မိမိတို့ကိုယ်တိုင်လည်း အားစိုက်ထုတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေး အခြေခံနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကာ တောင်သူများ အနေဖြင့်လည်း ဝင်ငွေ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသခံများ ဝင်ငွေကောင်းမွန်မည်ဆိုပါက ဒေသတွင်းလည်ပတ်ငွေ အားကောင်းလာပြီး ဒေသ၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

### ဒေသ၏ ရှိရင်းစွဲဆုလာဘ်တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ထို့ပြင် ညောင်ဦးခရိုင်အနေဖြင့် ဒေသ၏ ရှိရင်းစွဲဆုလာဘ်တစ်ခုဖြစ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများမှလည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တွင် ပိုင်ဆိုင်ထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ အလှအပများကို လာရောက်လေ့လာခံစားကြသည့် ခရီးသွားများ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက် ဆွဲဆောင်ခြင်းအားဖြင့် မိမိတို့ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ အိမ်သာမှဧည့်လာမည်ဖြစ်သည့်အတွက် ဒေသတွင်း သာယာလှပရေး၊ မျက်စိပသာဒဖြစ်ဖွယ်ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများ ရရှိခံစားနိုင်ရေး၊ ဒေသထွက်စားသောက်ကုန်ပစ္စည်းများ အဆင့်မီကောင်းမွန်စေရေး၊ အဆင့်မီသည့်တည်းခိုနေထိုင်မှုစနစ်ရှိစေရေး ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ စေတီပုထိုးများနှင့် ပတ်သက်၍လည်း ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာမြင်တွေ့ဖူးမြင်နိုင်ရေး စနစ်တကျစီမံထားရှိရန်လိုကြောင်း။

### မြေယာစီမံခန့်ခွဲမှုများ စနစ်တကျဖြစ်ရန်လို

ဒေသရှိ မြေလွတ်မြေရိုင်းများ၊ လယ်ယာမြေများ၊ ရှေးဟောင်းမြေများ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့နှင့်အညီ ဖြစ်ရန်လိုကြောင်း၊ မြေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့မြေများ တိုးချဲ့ရာတွင်လည်း Town Plan များ စနစ်တကျရေးဆွဲပြီး စည်းကမ်းနှင့်အညီ တင်ပြပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂံ ညောင်ဦးဒေသသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြေများရှိသည့်အတွက် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းကြောင့် ဒေသ၏ ဖူလုံရေးကို ထိခိုက်စေနိုင်မည် ဖြစ်သဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသရှိ မြေများကို အကျိုးရှိရှိ အသုံးချရန်လိုပြီး Town Plan များ စနစ်တကျရေးဆွဲ၍ ဆောင်ရွက်ရန်လိုကြောင်း၊ Town Plan ရေးဆွဲရာတွင်လည်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အုပ်ချုပ်ရေးဆိုင်ရာရုံးဌာန အဆောက်အအုံများ၊ အပန်းဖြေနေရာများကို စနစ်တကျ ထည့်သွင်းနိုင်ရေး အချိန်ယူဆွေးနွေးတိုင်ပင်၍ တွက်ချက်ရေးဆွဲသွားရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုတိုးတက်စေရေးအတွက် ညောင်ဦးလေဆိပ်ကိုလည်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အခြေအနေအရပ်ရပ်ကို စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယွန်းပညာကောလိပ်၌ သင်တန်းသား သင်တန်းသူများ၏ ယွန်းနည်းစဉ်အဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။

★ စာမျက်နှာ ၂၄ မှ

နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် လတ်တလောဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုများ မြန်မြန် ဆန်ဆန် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/၂၀၂၄) အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ရာဂီမုန်တိုင်း တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင် အာရှဒေသနိုင်ငံများ ထိခိုက် ခံစားခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ရာဂီတိုင်ဖွန်းမုန်တိုင်း ဒဏ်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခံစားခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုခံစားနေရသည့် ရေဘေးသင့်ပြည်သူများအတွက် စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များက လိုအပ်ချက်များကို လျင်လျင်မြန်မြန် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ တည်မြဲအမိန့်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များက အဖွဲ့များဖွဲ့၍ စီမံဆောင်ရွက်သွားရန် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

သဘာဝ ဘေးအန္တရာယ်တုံ့ပြန်မှုအပိုင်းတွင် အပိုင်းနှစ်ပိုင်းရှိပြီး ယခုနှစ်မိုးရာသီအစောပိုင်းကာလကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့် နယ်မြေဒေသတစ်ခုချင်းအလိုက် မြစ်ရေကြီးမှုများ ရှိခဲ့သော်လည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ၏ အစီအမံဖြင့် ဆောင်ရွက်ခဲ့သည့် ပုံစံမှာ လုပ်ငန်းဆောင်ရွက်မှုပုံစံ(၁) Scenario-1ဖြစ်ပြီး ၎င်းမှ အန္တရာယ်သက်ရောက်မှု ပိုမိုကျယ်ပြန့်လာခြင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အရင်းအမြစ်များနှင့် တုံ့ပြန်ရန် အကန့်အသတ်ရှိလာခြင်းနှင့် နယ်မြေတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်မှသာ ပိုမိုသက်ရောက်မှုရှိသည့် အခြေအနေမျိုး၌ ပြည်ထောင်စုက အဓိကတာဝန် ယူဆောင်ရွက်ပေးရသည့် လုပ်ငန်းဆောင်ရွက်မှုပုံစံ(၂) Scenario-2 ဖြင့် ဆောင်ရွက်ရပါကြောင်း။

ယခု ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ရာဂီတိုင်ဖွန်း မုန်တိုင်းကြီးသည် အားအလွန် ကောင်းစွာဖြင့် စက်တင်ဘာ ၇ ရက်တွင် တစ်နာရီလျှင် မိုင် ၁၃၀ အထိ တိုက်ခတ်ခဲ့ရာ အဆိုပါ မုန်တိုင်းအရှိန်ကြောင့် အကြွင်းကျန် မိုးသားတိမ်တိုက်များသည် အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသို့ပါ အဆင့်ဆင့် ရောက်ရှိပြီး မိုးရေများ စံချိန်တင် ရွာသွန်းခြင်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ထူးခြားချက်မှာ မြန်မာနိုင်ငံအနေဖြင့် ကျွင်းကျန်မိုးသား တိမ်တိုက်များ ရောက်ရှိချိန်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယနိုင်ငံအစပ်တွင်လည်း စက်တင်ဘာ ၉ ရက် နှင့် ၁၀ ရက်တွင် အားကောင်းသည့် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် မိမိတို့နိုင်ငံတွင် စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးရွာသွန်းမှု ပိုမိုများပြားခဲ့ရကြောင်း၊ အထူးသဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း စံချိန်တင် မိုးရာသွန်းမှုများမှတစ်ဆင့် နဝင်းချောင်း၊ မုန်ချောင်းနှင့် ကင်းသာချောင်းတို့၌ တောင်ကျရေများ၊ မြေပြိုမှုမှ သစ်ပင်အမှိုက်သရိုက်နှင့် နုန်းမြေများ အမြောက်အမြားစီးဆင်းရာမှ မကြုံစဖူး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် ကျယ်ပြန့်စွာ သက်ရောက်ခဲ့**

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ခံစားခဲ့ရပြီး ဘေးအန္တရာယ်သက်ရောက်မှုဧရိယာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် ကျယ်ပြန့်စွာ သက်ရောက်လာသည့်အတွက် ဆောင်ရွက်မှုပုံစံ Scenario-2 ဖြင့် စက်တင်ဘာ ၁၂ ရက်မှ စတင်ပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၃ ရက်တွင် ဒုတိယဥက္ကဋ္ဌများ ဦးဆောင်သည့် DMC အစည်းအဝေးကို ကျင်းပပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ ဆောင်ရွက်ခဲ့ပါကြောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၌ မိမိဦးဆောင်ပြီး DMC အစည်းအဝေးကို နေပြည်တော်ကောင်စီရုံး၌ အရေးပေါ် ကျင်းပပြီး လုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း။

နေပြည်တော်ကောင်စီ နယ်မြေတွင် စက်တင်ဘာ ၁၂ ရက် ရေကျချိန်မှစ၍ သန့်ရှင်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ကူညီကယ်ဆယ်ရေး၊ သန့်ရှင်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံနေသည့် နေရာများသို့ ခက်ခက်ခဲခဲဖြင့် သွားရောက်ဆောင်ရွက်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ စက်တင်ဘာ ၁၅ ရက်တင်ပြမှုအရ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၆၉ မြို့နယ်တွင် သေဆုံးမှုအနေဖြင့် နေပြည်တော်တွင် ၄၇ ဦး၊ ကရင်ပြည်နယ်တွင် ငါးဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၇၆ ဦး၊ ရှမ်းပြည်နယ်တွင် ၄၃ ဦးနှင့် ဧရာဝတီ တိုင်းဒေသကြီးတွင် တစ်ဦးရှိနေသည်ဟု သိရှိရကြောင်း၊ ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပျက်စီးမှု၊ သေဆုံးပျောက်ဆုံးမှုများကို အတည်ပြုထုတ်ပြန်သွားရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၃၈၈ ခုဖွင့်လှစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသည့် စားရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့် အဝတ်အထည် ရရှိရေးတို့ကို တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မအားလပ်သည့်ကြားမှ စက်တင်ဘာ ၁၂ ရက်မှစ၍ နေပြည်တော်ကောင်စီနယ်မြေရှိ ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် နယ်မြေများသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်မြောင်းတာတမံများနှင့် စပ်လျဉ်း၍ ပြည်သူများအား စိုးရိမ်ပူပန်မှု မရှိစေရန် အသိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန်၊ ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းနိုင်ရေး ညွှန်ကြားခဲ့သည့်အတွက် ပဲခူးတိုင်းဒေသကြီး စစ်တောင်းမြစ်ဝှမ်းဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင် ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ရာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေမည့် အစားအသောက်များ ရရှိရေးအတွက် ဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ ရေဘေး ဖြစ်ပွားခဲ့သည့် ဒေသများတွင် ယာယီပိတ်ထားရသည့် ရုံးဌာနများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများကို အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရေဘေးသင့် ပြည်သူများအတွက် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေများနှင့် ပစ္စည်းများကို စနစ်တကျ စီမံဆောင်ရွက်ထားရမည်ဖြစ်ပြီး ရေဘေးသင့်ပြည်သူများကို မျှမျှတတရရှိစေရေး ဖြန့်ခွဲပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အလှူရှင်များ မရောက်နိုင်သည့် အချို့ ရေဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းများ အပါအဝင် ယာယီ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးစခန်းများသို့လည်း ကျန်းမာရေးနှင့် ညီညွတ်သည့် အခြေခံအစားအစာ ငါးမျိုးနှင့် သောက်သုံးရေ ရရှိရေးအတွက် ပို့ဆောင်ပေးလျက်ရှိကြောင်း။

ရေဘေးသင့် ဒေသများရှိ ပြည်သူများအား သက်ဆိုင်ရာ ဒေသအလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများကသွားရောက်အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ ဆည်မြောင်းတာတမံများနှင့်စပ်လျဉ်း၍ ပြည်သူများ စိုးရိမ်ပူပန်မှု မရှိစေရေး ရှင်းလင်းပြောကြားရန်လိုကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သဘာဝဘေးနှင့် ပတ်သက်၍အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အကောင်းဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်း၊ မိုခါမုန်တိုင်းဖြစ်ပွားစဉ်က လုပ်ငန်းကော်မတီ ၁၂ ရပ်ကိုဖွဲ့စည်းပြီး အကောင်းဆုံးဖြေရှင်း ဆောင်ရွက်ပေးနိုင်သကဲ့သို့ ယခုဖြစ်စဉ်တွင်လည်း လိုအပ်သည့် ကော်မတီများဖွဲ့စည်းပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်ရုံးဌာနအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် တိရစ္ဆာန်သေဆုံးမှုတို့ကို စာရင်း ကောက်ယူရေးအဖွဲ့ ဖွဲ့စည်းပြီး ပျက်စီးဆုံးရှုံးမှု များကို မှန်မှန်ကန်ကန် ကောက်ယူနိုင်မှသာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ★




အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၂/၂၀၂၄) အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

- ❖ **ရေဘေးသင့်ဒေသများရှိ ပြည်သူများအား သက်ဆိုင်ရာ ဒေသအလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက သွားရောက် အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေး သွားရမည်ဖြစ်**
- ❖ **ဆည်မြောင်းတာတမံများနှင့်စပ်လျဉ်း၍ ပြည်သူများ စိုးရိမ်ပူပန်မှု မရှိစေရေး ရှင်းလင်းပြောကြားရန်လို**
- ❖ **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီးဖြစ်သည့်အတွက် နောက်ဆက်တွဲ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံး ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးကြရန်လို**



ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများ စီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်နေမှုကို တွေ့ရစဉ်။

★ စာမျက်နှာ ၅ မှ

ကြိုတင်တွက်ချက် ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပုဂံညောင်ဦးဒေသ၏ အခြေအနေအရပ်ရပ်မှာ တိုးတက်လာမည်ဖြစ်ကြောင်းမှာကြားသည်။

**ယွန်းပညာကောလိပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ယွန်းပညာကောလိပ်သို့ သွားရောက်၍ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယွန်းပညာကောလိပ်၏ အဓိကလုပ်ငန်းတာဝန်များ၊ ယွန်းပညာရပ်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ NSSA (National Skills Standards Authority) အသိအမှတ်ပြု ယွန်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း အဆင့်ဆင့်ဆောင်ရွက်မှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ အိပ်ဆောင်များ၊ ယွန်းနည်းစဉ်ခန်းမ၊ ယွန်းပြတိုက်၊ ယွန်းလက်မှုအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က ယွန်းပညာသင်ကြားမှု အခြေအနေများ၊ ပြည်ပနိုင်ငံများရှိ ကျောင်းများ၌ ယွန်းအတတ်ပညာ သင်ကြားနေမှုများနှင့် ပြည်ပမှ ပညာရှင်များက လာရောက်ပို့ချခြင်းများ ဆောင်ရွက်လျက်ရှိမှု၊ ယွန်းပညာရပ်နှင့် ပတ်သက်၍ လုပ်သားရှားပါးမှုဖြစ်ပေါ်လာမှု၊ ယွန်းပညာကောလိပ် ဖြစ်ပေါ်လာမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယွန်းပညာရပ်နှင့် ပတ်သက်၍ မှေးမှိန်ပပျောက်မသွားစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယွန်းနည်းစဉ်ခန်းမအတွင်း သင်တန်းသား သင်တန်းသူများ၏ ဝါး၊ အနက်ထည်၊ ကညစ်၊ ရွှေဇဝါယွန်း၊ သားရိုးပန်းကြွ စသည်ဖြင့် ယွန်းနည်းစဉ် အဆင့်ဆင့်အား လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ယွန်းပြတိုက်အတွင်း အထူးပြခန်း၊ ယွန်းပစ္စည်းပြုလုပ်ပုံ အဆင့်ဆင့်ပြခန်း၊ နိုင်ငံတကာ ယွန်းပစ္စည်းပြခန်း၊ လူမှုရေး အသုံးအဆောင်ပစ္စည်းပြခန်းတို့တွင် ခင်းကျင်းပြသထားသည့် ယွန်းထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် ခင်းကျင်းပြသထားမှုများကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး မိမိတို့နိုင်ငံမှ ပြုလုပ်သည့်ယွန်းထည်ပစ္စည်းနှင့် စဉ့်ထည်ပစ္စည်းများသည် နာမည်ကောင်းရရှိပြီးဖြစ်သည့်အတွက် ယင်းပညာရပ်များ မပျောက်ပျက်သွားစေရေး ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းသွားကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယွန်းပညာကောလိပ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ယွန်းပညာကောလိပ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားစေတီပုထိုးများ ထိန်းသိမ်းထားရှိမှု၊ မြကန်ရေလှောင်တမံ အပါအဝင် ရှေးဟောင်း ကန်များအတွင်း ရေများဝင်ရောက်လျက်ရှိမှုနှင့် ပုဂံညောင်ဦးဒေသအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပုဂံ-ညောင်ဦး-ပျော်ဘွယ် ဒေသတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလျက်ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုအား ကြည့်ရှုစစ်ဆေး**

ယင်းနောက် တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာ အစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်းတောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပေါ်နေမှု၊ အဆိုပါ တောင်ကုန်းတောင်တန်းများပေါ်မှ ဖြတ်သန်းစီးဆင်းလာသည့် တောင်ကျချောင်းရေများသည် မုန်ချောင်း၊ နဝင်းချောင်း၊ ကင်းသာချောင်းတို့နှင့် ငှင်းချောင်းများ အားလုံးစုစည်း၍ စီးဝင်ရာ ဆင်သေချောင်းတစ်လျှောက်တို့၌ တောင်ကျချောင်းရေ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာ လမ်းကြောင်းကြီးများဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ဧကအများအပြား ပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သောကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တောင်ကုန်းတောင်တန်းများပေါ်မှ ဖြတ်သန်းစီးဆင်းလာသည့် တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကို တွေ့မြင်ရစဉ်။



ရေတိုက်စားရာလမ်းကြောင်းတစ်လျှောက် ရေဖုံးလွှမ်းမှုများနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်နေမှုကို တွေ့ရစဉ်။

★ စာမျက်နှာ ၆ မှ

နိုင်ငံတကာအကူအညီ အနေဖြင့် မြန်မာနိုင်ငံအပေါ် နှောင်ကြိုးမဲ့ ဆောင်ရွက်ကူညီခဲ့မှုများရှိပါကြောင်း၊ ယခုလည်း အာဆီယံက ပေးပို့မည့် လူသားချင်းစာနာမှုအကူအညီတချို့ ရောက်ရှိတော့မည်ဖြစ်ပြီး AHA Center မှ နိုင်ငံတွင်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (In-Country Liaison Team - ICLT) ကလည်း မြန်မာနိုင်ငံကို လာရောက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ရေးနှင့် နိုင်ငံတကာအကူအညီများ တိုးတက်ရရှိရေးအတွက် ပူးပေါင်း ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် လက်တလော ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ရေရှည်ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ထိထိမိမိ ဆွေးနွေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က ရာဂီမုန်တိုင်းဒဏ်ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတို့တွင် လူနှင့် တိရစ္ဆာန်များ သေဆုံးပျောက်ဆုံးခဲ့မှုအခြေအနေ၊ ရုံးဌာနအဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် လမ်းတံတားများ၊ ရာသီသီးနှံစိုက်ခင်းများထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေ၊ ပျက်စီး၊ သေဆုံးပျောက်ဆုံးမှုများနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းကာ စာရင်းကောက်ယူလျက်ရှိသည့် အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရန်ပုံငွေ ရရှိမှု၊ သုံးစွဲမှုနှင့် လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေများနှင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ သက်ဆိုင်ရာ ရေဘေးသင့်ပြည်သူများသို့ စနစ်တကျ ဖြန့်ခွဲထောက်ပံ့ပေးသွားမည့်ကိစ္စရပ်များ၊ ပျက်စီးဆုံးရှုံးခဲ့ရသည့် စိုက်ဧကများအတွက် ရာသီဥတုနှင့် ကိုက်ညီသည့် သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အစီအမံများ၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထူးခြားမိုးလေဝသ အခြေအနေဖြစ်ပွားခဲ့မှုနှင့်လာမည့် ၁၀ ရက်အတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့်အားကောင်းသောမုန်တိုင်းငယ်နှင့် တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့သော တိုက်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အတွင်း ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှအပ နေပြည်တော်ကောင်စီနယ်မြေနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့ရာ ထိခိုက်ပျက်စီး သေဆုံးမှုအနေဖြင့် စက်တင်ဘာ ၁၅ ရက် စာရင်းဇယားများအရ နိုင်ငံအဝှမ်းရှိ မြို့နယ် ၆၉ မြို့နယ်မှ လူနေအိမ် ၁၀၈၃ လုံး၊ ရုံးဌာနအဆောက်အအုံ ၁၄၆ လုံး၊ စာသင်ကျောင်း ၁၀၂၃ ကျောင်း၊ ဘာသာရေးကျောင်း ၃၈၂ ကျောင်း၊ လမ်း/တံတားပျက်စီးမှု ၁၇၇ ခု၊ လျှပ်စစ်မီးတိုင် ၉၆၃ တိုင်၊ ဆက်သွယ်ရေးတိုင် ၈၂ တိုင် ထိခိုက်ပျက်စီးခဲ့ကာ သေဆုံးသူ ၁၇၂ ဦး၊ မျောပါ ပျောက်ဆုံးသူ ၃၈ ဦးရှိပြီး တိရစ္ဆာန်သေဆုံးမှုအနေဖြင့် ၁၀၅၃၈၈ ကောင်ရှိကြောင်း ကနဦးသိရှိရပြီး ရေဘေးသင့်ဒေသများသို့ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee)ဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၁) ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun)၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum) သို့ ပါဝင်တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

## ပေကျင်းမြို့သို့ရောက်ရှိ

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိခဲ့ပြီး ညနေပိုင်းတွင် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှား (General Jiang You Xia)က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲ (Welcoming Dinner) သို့ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် 11th Beijing Xiangshan Forum ဖွင့်ပွဲအခမ်းအနားနှင့် မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ကပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတုန်ကျွင်း (Admiral Dong Jun)က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

## ဗိုလ်ချုပ်ကြီးဟဲဝေတုန်နှင့် တွေ့ဆုံ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပေကျင်းမြို့ ပိုင်ယိခန်းမ (Bayi Hall)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဟဲဝေတုန် (General He Weidong)နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကာကွယ်ရေးဆိုင်ရာ နယ်ပယ်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေး၊ စစ်ဘက်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းသားများ စေလွှတ်ရေး၊ ဒေသတွင်းနှင့် မြန်မာနိုင်ငံ၏ လတ်တလော အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



(၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် ကျင်းပစဉ်။

ယင်းနောက် ဖိုရမ်၏စုံညီအစည်းအဝေး ဒုတိယပိုင်း (2nd Plenary Session)သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒေသအလိုက် လုံခြုံရေးဆိုင်ရာဖိုရမ် အစည်းအဝေးများသို့ လည်းကောင်း၊ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun)က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ (Gala Dinner) သို့လည်းကောင်း တက်ရောက်ခဲ့သည်။

## ပါဝင်တက်ရောက်

စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Xiaodong ၏ "တရုတ်နိုင်ငံ၏ နိုင်ငံတကာရေးရာ ဆောင်ရွက်မှုများ" (Chinese Initiatives of Global Affairs) ဆွေးနွေးပွဲကို ပါဝင်တက်ရောက်ခဲ့ပြီး စုံညီအစည်းအဝေး တတိယပိုင်းနှင့် စတုတ္ထပိုင်း (3rd and 4th Plenary Session) တို့သို့ ဆက်လက်တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့အခြေစိုက် အဆင့်မြင့်စက်မှုနည်းပညာဆိုင်ရာ ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ပြီး လေကြောင်း နည်းပညာဆိုင်ရာ ခေတ်မီထုတ်ကုန်များ၊ မောင်းသူမဲ့ လေယာဉ်ထုတ်လုပ်မှုများ၊ အီလက်ထရောနစ် စစ်ဆင်ရေးနှင့် လေကြောင်းရန် ကာကွယ်ရေး နည်းပညာဆိုင်ရာ စစ်လက်နက်ပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ပြီး နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ မြန်မာသံအမတ်ကြီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ)နှင့် သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ ပေကျင်းမြို့ရှိ Capital လေဆိပ်မှ တစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် (၁၁)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ် (11th Beijing Xiangshan Forum)သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဒုတိယဝန်ကြီးချုပ်များနှင့် ကာကွယ်ရေးဝန်ကြီး ၂၂ ဦး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များအပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၁၈၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တရုတ်-မြန်မာ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူ

**မကွေး စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကလေးသူငယ်ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား စာတန်းပါဆိုင်းဘုတ်ပိုစတာစိုက်ထူခြင်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို မကွေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက မကွေးမြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ စိုက်ထူခဲ့သည်။ အဆိုပါ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး မြေစိုက်ပိုစတာ Billboard



စိုက်ထူခြင်းကို မကွေးမြို့ ကန်ပြားလမ်းဆုံနှင့် မကွေးမြို့ အဝေးပြေးကားကြီးကွင်းတို့တွင် ၂၀၂၄ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်နှင့် လူကုန်ကူးမှုများနှင့်ပတ်သက်ပြီး သတင်းပေးပို့နိုင်သည့် ဖုန်းနံပါတ်များ ပါဝင်သည့် အသိပညာပေး မြေစိုက်ပိုစတာများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အမှတ်(၂)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းစိုက်ထူခဲ့ကြပြီး အဝေးပြေးကားကြီးကွင်းတွင် ပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မကွေးမြို့၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများအနေဖြင့် လူကုန်ကူးခံရခြင်းနှင့်ပတ်သက်သည့် ဆိုးကျိုးများ၊ လူကုန်ကူးမခံရအောင် သတိပြုရှောင်ရှားရမည့်အချက်များ၊ လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေများကို မကွေးမြို့နယ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

✱-✱-✱-✱-✱



# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို-မန္တလေး) (AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို အသင်း၏ အလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်က ဟောပြောကာ မူးယစ်ဆေးဝါး အမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။

ဆက်လက်ပြီး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ ဒုဦးစီးမှူး ဒေါ်အိအိဖြိုးက ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လုပ်ငန်းစဉ်(၅)ကို ဟောပြောသည်။ ထို့နောက် တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများအား တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးနှင့် ဒေါ်သင်းသင်းဦးက မေးခွန်းများ မေးမြန်းပြီး ဖြေဆိုသူများအား ဆုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုခဲ့ကြပြီး ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၆)

# အသားဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မြို့သစ် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စားသုံးသူပြည်သူများ သက်သာစွာ စားသုံးနိုင်ရေးအတွက် မြို့သစ်မြို့နယ်စည်ပင်သာယာဈေးကြီးရှိ အသားဆိုင်များ၌ လက်ရှိမြေပြင်တွင် ဖြစ်ပေါ်ရောင်းချလျက်ရှိသော အသား (အမဲ၊ ဝက်၊ ဆိတ်) ဈေးနှုန်းများအား ဗီနိုင်းဆိုင်းဘုတ်များဖြင့် လျှော့ချသတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချစေရေးအဖွဲ့ ဝန်ထမ်းများက နေ့စဉ်အချိန်ပြည့် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့်အဖွဲ့ဝင်များမှ ကြည့်ရှုခဲ့ပြီး မြို့မဈေးအတွင်းရှိ အသားဆိုင်များ၌ လက်ရှိမြေပြင်တွင် ရောင်းချလျက်ရှိသော အမဲသား၊ ဝက်သား၊ ဆိတ်သား၊ အသားများ၏ဈေးနှုန်းများကို ဆိတ်သား တစ်ပိဿာငွေကျပ်၁၆၀၀၀၊ အမဲသား တစ်ပိဿာငွေကျပ် ၁၃၀၀၀၊ ဝက်သားတစ်ပိဿာငွေကျပ် ၁၂၀၀၀ ဈေးဖြင့် ရောင်းချရန် အသားအရောင်းဆိုင်များတွင် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲ၍ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။

မြို့သစ်မြို့နယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသားဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းအပြင် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် နေ့စဉ်အမှိုက်သိမ်းယာဉ်ဖြင့် မြို့ပေါ် (၅)ရပ်ကွက်အတွင်းနှင့် မြို့ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်စေရန် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်း၊ မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ မြို့တွင်းလမ်းဘေးပလက်ဖောင်းများ သစ်လွင်တောက်ပစေရန် ဆေးသုတ်ခြင်း၊ မြို့ပြလှပစေရန်အတွက် (We Love Myo thit) ဆိုင်းဘုတ်ဘေးပတ်လည်၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့တွင်းစိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးထားရှိသော Flower Box များ ဆေးသုတ်ခြင်းနှင့် ပန်းအလှပင်များ ရေဖျန်းခြင်း၊ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စည်ပင်သာယာဈေး၌ အပတ်စဉ်ဈေးသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပြည်သူလူထုစနစ်တကျအမှိုက်စွန့်ပစ်နိုင်ရန် အမှိုက်များ လိုက်လံသိမ်းဆည်းပေးခြင်းစသည့် မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကိုလည်း အချိန်အဟုန်မပျက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



# ရေကြီးရေလျှံမှုများဖြစ်ပွားသဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ကျိုင်းတုံ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၍ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်များတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိသည်။

ကျိုင်းတုံမြို့နယ်တွင် စက်တင်ဘာ ၈ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နမ့်လပ်ချောင်းမြင့်တက်လာ၍ လွိုင်မွေလမ်း ဟိုခိုရွာအနီး၊ မြို့ပတ်လမ်းတစ်လျှောက်၊ နောင်ကုန်ရွာသွားလမ်း၊ အမှတ်(၃)ရပ်ကွက် မြို့တော်ခန်းမရှေ့ လေယာဉ်ကွင်းလမ်းတစ်လျှောက်၊ အမှတ်(၄)ရပ်ကွက် အာခါဈေး၊ ကန်နားလုံရွာတို့တွင် နေအိမ်များအတွင်း အနက် ၄ ပေခန့်ခွဲခန့် ရေများဝင်ရောက်ခြင်း၊ နေအိမ်အချို့ ပြိုကျပျက်စီးမှုများရှိခဲ့ပြီး ကျိုင်းတုံ-လွိုင်မွေကားလမ်း ဝမ်ကန်ရွာအနီး နမ့်လပ်ချောင်းကူးတံတားချောင်းရေမြင့်တက်မှုကြောင့် ကျိုးကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရေလွတ်ရာ ယာယီခိုလှုံရေးနေရာများသို့ ပြောင်းရွှေ့နေထိုင်စေခြင်း၊ ထမင်းဘူး၊ သောက်ရေသန့်များ ဝေငှပေးခြင်းနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

✱-✱-✱-✱-✱



# သာစည်-ဘုရားငါးဆူ-ပျော်ဘွယ်သွားကားလမ်းတွင် ရေကျော်၍ မော်တော်ယာဉ်များနစ်မြုပ် ဆယ်ယူခြင်းများဆောင်ရွက်

**သာစည် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အနောက်ကုန်းကျေးရွာအနီး သာစည်-ဘုရားငါးဆူ-ပျော်ဘွယ်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၉/၁၀)ကြား၌ ရေကျော်၍ နစ်မြုပ်နေသော မော်တော်ယာဉ်များအား ဆယ်ယူခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ဌာနဆိုင်ရာများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက် မိုးရွာသွန်းမှုများကြောင့် သာစည်-ဘုရားငါးဆူ-ပျော်ဘွယ် သွားကားလမ်းပေါ်တွင် ရေကျော်၍ ခရီးသည်တင်ယာဉ်နှင့် ကုန်စိမ်းများတင်ဆောင်လာသော မော်တော်ယာဉ် ရေနစ်မြုပ်နေသဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဝိုင်းဝန်း၍ ဆယ်ယူခဲ့ခြင်းများဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)



# မင်္ဂလာမြောင်းအတွင်း အမျိုးသမီးတစ်ဦးရေနစ်၍ ရှာဖွေ

**ပုသိမ်ကြီး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ကျီကုန်းကျေးရွာ၊ ဝါးကပ်တန်းရပ်ရှိ မင်္ဂလာမြောင်းအတွင်း စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁နာရီခွဲခန့်က အမျိုးသမီးတစ်ဦးရေနစ်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁နာရီ ၄၅မိနစ်ခန့်တွင် ရေနစ်သေဆုံးသူ အမျိုးသမီးရုပ်အလောင်းအား ရှာဖွေတွေ့ရှိပြီး ရွှေကြေးစည်လူမှုကူညီရေးအသင်းယာဉ်ဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

# ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေပြန်လည်ကျဆင်းသွားသည့် နေရာများအား သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်ကာ မြို့နယ်အချို့ရှိရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီ ကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ရေကြီးရေလျှံဖြစ်ပေါ်နေသည့် လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့ အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ရေများပြန်လည်ကျဆင်းသွားသည့် နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာတို့အတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် သန့်ရှင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့်ဇေယျာသီရိမြို့နယ်သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)၊ ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ဒိုးပင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသော သိုက်ချောင်းတံတား(ဆင်သေချောင်းကူး)နှင့် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာ အုပ်စု ရန်ကုန်-မန္တလေးလမ်း ပေါင်းပေါ်ရှိ နဝင်းချောင်းတံတား (အဆုံ) တံတားသုံးစင်းတို့အား ယာယီဘေလီတံတား အစားထိုးခြင်းကို ပြီးစီးပြီဖြစ်၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ထို့ကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် တံတားများ အနက် တံတားခြောက်စင်းအား ယာယီဘေလီတံတား အစားထိုးခြင်းကို ပြီးစီးပြီဖြစ်၍ ပြုပြင်ရန် ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိ စေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများက ထမင်းဘူးများ၊ ရေသန့်များ၊ အခြားစားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို လိုက်လံပေးအပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





# ကမ္ဘောဇဘဏ်လီမိတက်က ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၀ ဘီလီယံလှူဒါန်းရန် ခွင့်ပြုထားရှိ

**ရန်ကုန် စက်တင်ဘာ ၁၆**

ကမ္ဘောဇဘဏ်လီမိတက်က ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရေကြီးရေလျှံဖြစ်ပွားလျက်ရှိသည့် သဘာဝဘေးအန္တရာယ်သင့်နေရာဒေသများအတွက် ဘဏ်ခွဲတစ်ခုလျှင် ကျပ်သိန်း ၁၀၀၀ ဖြင့် ကျပ်ငွေ ၁၀ ဘီလီယံ လှူဒါန်းရန် ခွင့်ပြုထားကြောင်း သိရသည်။

ရေကြီးရေလျှံဖြစ်ပေါ်လျက်ရှိသော မြို့နယ်အသီးသီးရှိ ဘဏ်ခွဲအသီးသီးမှအရာထမ်းများ၊ ဝန်ထမ်းများနှင့် မြို့မိ မြို့ဖများ ပူးပေါင်း၍ တစ်နိုင်ငံလုံးရှိ ရေဘေးသင့်နေရာဒေသများအတွက် အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အဆင့်နှစ်ဆင့်ခွဲ၍ ရေဘေးသင့်ဒေသများရှိ ပြည်သူများ အသင့်စားသုံးနိုင်သော အစားအသောက်များ၊ မပုပ်မသိုးနိုင်သော အသင့်စားငါးသေတ္တာများ၊ စည်သွတ်ဘူးများ၊ သောက်ရေသန့်ဘူးများ၊ BPI ဓာတ်ဆားထုပ်များနှင့် လိုအပ်သည့် ဆေးဝါးများ၊ အသင့်ချုပ်ပြီး ကျားဝတ်ပုဆိုး၊ မဝတ်လုံချည် အဝတ်အထည်များ၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ ခြင်ထောင်များကိုလည်း ရေဘေးဒဏ်ပြင်းထန်အဆိုးရွားဆုံး ခံစားရသည့်နေရာဒေသများအထိ ကားကြီးများဖြင့် အလျင်မြန်ဆုံးပေးပို့ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။



ထို့ပြင် ရေဘေးဒဏ်ခံရသောမြို့များတွင်လည်း မဏ္ဍပ်များထိုး၍ ထမင်းချက်စခန်းများကို နေ့လယ်/ညစာများချက်ပြုတ်ပေးဝေခြင်း၊ ရေဘေးသင့်ကျေးရွာများအတွက်လည်း နီးစပ်ရာရေလွတ်ကျေးရွာများသို့ KBZpay ဖြင့် ငွေလွှဲ၍ နံနက်/နေ့လယ်/ညစာများကိုချက်ပြုတ်ပေးဝေခြင်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမတွင် ကျင်းပ






**မန္တလေး စက်တင်ဘာ ၁၆**

၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက အိုဇုန်းလွှာအကြောင်း သိကောင်းစရာနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် Montreal Protocol Advancing Climate Action "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတု ပြောင်းလဲမှု တိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့" အသိပညာပေး Video Clip ပြသခြင်းကို လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအား Video ပြသခြင်းနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ Memorial Video ပြသခြင်းအစီအစဉ်များကို လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီးနောက် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာဘုတ်များ၊ အထိမ်းအမှတ်ပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် လစဉ်အသိပညာပေးခြင်း၊ ရေထုအရည်အသွေးကို Multi-Parameter Water Quality(U-53G) အသုံးပြု၍ Parameter (၈)မျိုးအား စောင့်ကြည့်တိုင်းတာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးကို တိုင်းတာသည့် Parameter(၈) မျိုးအား စောင့်ကြည့်တိုင်းတာခြင်းများကို လစဉ်ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအပါအဝင် အခြားဌာနများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



## ရေဘေးသင့်ပြည်သူများ လျှပ်စစ်ဓာတ်အားအမြန်ရရှိသုံးစွဲနိုင်ရေး အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများ စေလွှတ်

**မန္တလေး စက်တင်ဘာ ၁၆**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ရရှိသုံးစွဲနိုင်ရေးအတွက် ရေဘေးကြောင့် ပြိုလဲပျက်စီးခဲ့ရသည့် ဓာတ်အားလိုင်းများ၊ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ကြမည့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်း ၅၂ ဦးတို့အား စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၈လမ်းနှင့်၂၆ လမ်းထောင့်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ခေတ္တဥက္ကဋ္ဌ ဦးတင်အောင်က တွေ့ဆုံ၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ ကျန်းမာရေးဂရုပြုရေး ရှင်းလင်းပြောကြားပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ နေပြည်တော်၊ တပ်ကုန်းမြို့သို့ မော်တော်ယာဉ်များဖြင့် စေလွှတ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်က အဆိုပါမြို့နယ်ရှိ ချမ်းမြသာယာရပ်ကွက်၊ ကွဲဆည်ကန် ၉ လမ်း၊ ကံမွှေရာဇ်စေတီတန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါကျန်းမာရေးပညာပေးဟောပြောပွဲသို့ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ရောဂါနှိမ်နင်းရေးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာနှင်းဇော်သိန်း၊ မဟာအောင်မြေခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာဇေရာထက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်(၁၈) ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြပြီး ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးနှင့် စနစ်မှန် လက်ဆေးနည်းများ အစရှိသည်တို့ကိုလည်းကောင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူးက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမရှိစေရေး စောင့်ကြပ်ကြည့်ရှုထောက်လှမ်းနေမှုများ အကြောင်းတို့ကို အသီးသီးဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(၀၈၄)**



## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် မူဝါဒချမှတ်ရေးအတွက် အရေးကြီးသည့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သောကြောင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သရက်ခရိုင်အတွင်း သန်းခေါင်စာရင်းကောက်ယူနိုင်သည့်နေရာဒေသများတွင် မထပ် မကျန်အောင် ကောက်ယူသွားရမည်ဖြစ်ကြောင်း ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းသန်းလှိုင်က နိုင်ငံတော်အတွက် စီမံကိန်းရေးဆွဲရာတွင် အသုံးဝင်မှာ ဖြစ်သည့်အတွက် စာရင်းမှန်ကန်စေရေးအလေးထား ဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့်တံတားအား ပြန်လည်ပြုပြင်



**ကျိုင်းတုံ စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် နမ့်လပ်ချောင်းကူး တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။ **(ဝဲပုံ)**

မိုးရွာသွန်းမှုကြောင့် နမ့်လပ်ချောင်းရေတိုက်စား၍ ကျိုးကျပျက်စီးခဲ့သည့် ကျိုင်းတုံ-လွိုင်မွေ သွားကားလမ်း၊ နမ့်လပ်ကွန်ကရစ် ချောင်းကူးတံတားအား အများပြည်သူ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေး ဘေလီတံတား ဆောင်ရွက်နေမှုကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့နယ်၊ နောင်ကုန်ရွာ အဝင်လမ်း၊ မြို့တော်ခန်းမ၊ ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ယာယီခိုလှုံရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှု၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ကျိုင်းတုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကျိုင်းတုံမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူ ၅၁၇ ဦးအတွက် ဆန်ရိက္ခာများထောက်ပံ့ပေးပြီး ရေဘေးသင့်ပြိုကျပျက်စီးခဲ့သည့် နေအိမ် လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**အမရပူရ စက်တင်ဘာ ၁၆**

အမရပူရမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတရရှိပြီး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၁၀နာရီက အဆိုပါကျောင်းရှိ မေတ္တာခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာဦးကျော်ဝင်းစိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးမျိုးမင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်တင်တင်လှက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကာ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် လူ့ကျင့်ဝတ်တန်ဖိုးနားလည်စေရန်တို့အတွက် Gread-11 မှ မောင်ရဲမင်းဟန်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Gr-ead-10 မှ မယွန်းဝတ်ရည်က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း၊ Gread-9 မှ မရွှေရည်ဝင်းက လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grad-9 မှ မောင်ဘုန်းလင်းထက်က လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

၎င်းနောက်စကားဝိုင်းသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ဝ၈၄)**

## ရေဘေးလှူဒါန်းမှုများကြောင့် ပြည်တွင်းကုလားပဲ ဝယ်လိုအားကောင်းလာ




**မန္တလေး စက်တင်ဘာ ၁၆**

ပြည်တွင်းသုံး ကုလားပဲ အုပ်စု ဈေးအေးနေရာမှ ရေဘေးအလှူများကြောင့် ရက်ပိုင်းအတွင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ ခန့် ဈေးပြန်မြင့်တက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ စက်တင်ဘာ ပထမသီတင်းပတ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် သုံးသိန်းအောက် ဈေးကျဆင်းနေရာမှ စက်တင်ဘာ ၁၅ ရက်တွင် ကုလားပဲ V2 ၅၇ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ ကုလားပဲ V7 ၅၇ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ ၅၇ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၇၇၀၀၀၊ ကုလားပဲ 929 ၅၇ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ အသီးသီး ပေါက်ဈေးမြင့်တက်လာကြောင်း ၊ ယခုရက်ပိုင်းတွင် ရေဘေးသင့်ဒေသများသို့ အလှူရှင်များက ထမင်းထုပ်နှင့် ရိက္ခာခြောက်များ ဝယ်ယူလှူဒါန်းမှုများ ရှိလာသောကြောင့် မန္တလေးမြို့ပေါ်ရှိ ပဲခွဲစက်များတွင် ကုလားပဲအိတ် ၂၀ - ၁၀၀ အိတ် မှာယူမှု များပြားလာသောကြောင့် ပဲခွဲစက်များ ပုံမှန်အရောင်းအဝယ်ထက် ပိုမိုရောင်းချလာရခြင်းဖြစ်ကြောင်း ပဲခွဲစက်ပိုင်ရှင် ဦးဆန်းလွင်မြင့်က ပြောသည်။

"ဒီရက်ပိုင်းမှာ ကုလားပဲ တစ်အိတ် ငွေကျပ် သုံးသိန်းကျော် ဈေးပြန်တက်လာပါတယ်။ ရေဘေးအလှူ ကုသိုလ်ပြုသူများ အဝယ်များလာတော့ ကုလားပဲခြမ်းတွေ ဈေးကောင်းရလာပါတယ်။ ဒီရက်ပိုင်း ပဲအမျိုးအစားလိုက်တစ်အိတ် ငွေကျပ် ၅၀၀၀-၁၀၀၀၀ လောက်ဈေးတက်လာတာပါ။ ရေဘေးလှူတဲ့သူတွေက ကုလားပဲခြမ်းကို အိတ်ရေ ၂၀ မှ ၁၀၀ အထိ မှာဝယ်ယူလာတော့ ပဲခွဲစက်တွေ ပုံမှန်ထက် ပိုရောင်းနေရတာပါ"ဟု ၎င်းက ပြောသည်။ **(အပေါ်ပုံ) ရွှေမန်း**

## ယခုနှစ် နှမ်းသီးနှံ ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးခြင်းကို ၁၂၁၄၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၂၁၄၂ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကာ သတ်မှတ်လျာထားဧက ပြည့်မီစေရန်နှင့်သီးနှံအထွက်နှုန်းများ တိုးတက်ကောင်းမွန်စေရေးအတွက် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုး ဆောင်ရွက်သွားမည် ဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အတွင်း လျာထားဧက ပြည့်မီအောင်နဲ့ အထွက်နှုန်းများ တိုးတက်စေရန် ဒေသခံတောင်သူတွေကို ဒေသနှင့်ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်၊ အထွက်နှုန်းကောင်းတဲ့ ပေါင်ကြီးတင် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြု စိုက်ပျိုးကြရန်၊ မြေဩဇာစနစ်တကျ သုံးစွဲပြီး သီးနှံပိုးမွှားရောဂါ မကျရောက်အောင် ကြိုတင်စီမံဆောင်ရွက်သွားကြရန်စတဲ့ စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ဆီထွက်သီးနှံများကို ကြိုးပမ်း စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ စိုက်ပျိုးရာ၌ တောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေအလုံအလောက်ရရှိရေး၊ အရည်အသွေးကောင်း သီးနှံများ ထွက်ရှိလာစေရန် လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ သီးနှံအထွက်နှုန်းများ တိုးတက်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးဆောင်ရွက်ပေးခြင်း စသည့် တောင်သူပညာပေးလုပ်ငန်းများကို ကြီးကြပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၄၅)**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအတွက် လူရွေးချယ်

**မန္တလေး စက်တင်ဘာ ၁၆**

ပဉ္စမအကြိမ်အမျိုးသားအားကစားပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအတွက် လူရွေးချယ်ပွဲကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်များက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ဗထူးမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

ပိုက်ကျော်ခြင်း လူရွေးချယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ မန္တလေးတိုင်းအတွင်း မြို့နယ်များရှိ ပိုက်ကျော်ခြင်းကလပ်များမှ နည်းပြများ တက်ရောက်၍ အသက်(၂၃)နှစ်အောက် ပိုက်ကျော်ခြင်း အားကစားသမားများ လာရောက်ယှဉ်ပြိုင်အရွေးခံကြသည်။



နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ကျင်းပပြီး အလားအလာရှိသော ပိုက်ကျော်ခြင်း အားကစားသမားများအား ရွေးချယ်၍ ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)(၀၄၅)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မန္တလေးချမ်းသာကြီးဆန်လှူအသင်း(၄၆)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်၊ ပွဲကုန်းလမ်းမတန်းရှိ မန္တလေးချမ်းသာကြီး ဆန်လှူအသင်း၏ (၄၆)ကြိမ်မြောက် ဆရာတော်များထံမှ ဩဝါဒခံယူပွဲနှင့် သက်တော်ရှည်ဆရာတော်များ ပူဇော်ပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ကျင်းပမည် ဖြစ်သည်။

(၄၆)ကြိမ်မြောက် ဂုဏဝယဝုဒ္ဓိပူဇာသက်တော်ရှည် ဆရာတော်များ ပူဇော်ပွဲတွင် သက်တော် ၈၀ ကျော်၊ သိက္ခာတော် ၆၀ ကျော်ရှိ ဆရာတော် ၁၅၇ ပါး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ၃၇ ပါးနှင့် အသင်းဓမ္မကထိက ၆ ပါး၊ စုစုပေါင်း ၂၀၀ တို့အား အခမ်းအနားကျင်းပရာ မန္တလေးချမ်းသာကြီး ဆန်လှူအသင်းတိုက်သို့ ကြွရောက်အပူဇော်ခံမည် ဖြစ်သည်။

(၄၆)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်များ ပူဇော်ပွဲအတွက် ဦးစိုးလင်း+ဒေါ်မြသန်း မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးဝင်းမောင်+ဒေါ်သန်းမေ မိသားစုက ငွေကျပ်နှစ်သိန်း၊ ကိုဇော်မျိုးဝင်း+မနန်းအေးကြည် မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးစံမောင်+ဒေါ်သိန်းတိုးမိသားစုက ငွေကျပ်နှစ်သိန်းတို့ကို စက်တင်ဘာ ၁၂ ရက်က အသင်းတိုက်သို့ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးထွန်းနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

(၀၄၅)



## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်း



**မကွေး စက်တင်ဘာ ၁၆**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မကွေးမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျံကော်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးခရိုင်၊ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းသူ၊ သင်တန်းသားများအနေဖြင့် မြို့နယ်အဆင့် ဖွင့်လှစ်မည့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ခန့်အပ်ဆောင်ရွက်ကြရမှာဖြစ်ပြီး သင်တန်းက ပို့ချခဲ့သည့် ဘာသာရပ်ဆိုင်ရာများ၊ သင်ကြားမှုနည်းစနစ်များကို မိမိတို့ရဲ့အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး သန်းခေါင်စာရင်းမေးခွန်းများပါ အချက်အလက်များကို မှန်မှန်ကန်ကန်ရရှိနိုင်အောင် ထိရောက်စွာ သင်ကြားပေးကြစေလိုကြောင်းနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိလာသည့် အချက်အလက်မှန်ကန်မှုသာ နိုင်ငံရဲ့ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

ထို့နောက် မကွေးခရိုင်၊ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သင်တန်းသူ၊ သင်တန်းသားများအား ခရိုင်အဆင့် နည်းပြခန့်အပ်လွှာများ အသီးသီးပေးအပ်ခဲ့ပြီး အဆိုပါသင်တန်းကို ၁၀ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၂)အခြေခံပညာထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်လွင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များ၊ သဘာဝဘေးအန္တရာယ် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ဟိုက္ကူဂယ်လာရီကဗျာစာအုပ် ထွက်ရှိ

**မန္တလေး စက်တင်ဘာ ၁၆**

ကဗျာဆရာ အောင်ကိုထိုက်(အရာတော်)၏ "ဟိုက္ကူ ဂယ်လာရီ"ကဗျာစာအုပ် ပထမအကြိမ်အဖြစ် ဩဂုတ်လ နောက်ဆုံးပတ်တွင် မန္တလေးလင်းသန့်စာပေမှ ထွက်ရှိလာသည်။ မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း မျိုးညီညီထွန်း၏ လက်ရာဖြစ်သည်။




အဆိုပါကဗျာစာအုပ်တွင် စာရေးသူကဗျာဆရာ အောင်ကိုထိုက်(အရာတော်)၏ ပြည်သူချစ်လှျင် ကမ္ဘာတင်မည်ဟူသော အနုပညာပန်းကလေးတစ်ပွင့်ချစ်သော ပရိသတ်ဆီကို စေတနာဖြင့် လက်ကမ်းပါရစေဟူသော အမှာစာ ပါရှိသည်။

အဆိုပါစာအုပ်တွင် ဟိုက္ကူကဗျာ အပုဒ် ၁၀၀ ပါရှိသည်။ ကဗျာချစ်သူ စာချစ်သူများ အကြိုက်တွေ့စေမည့် ကဗျာစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ငွေကျပ် ၅၀၀၀ ဖြစ်ပြီး မန္တလေးမြို့နှင့် မြို့နယ်များရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။

(ဝဲပုံ)

(၀၅၀)

၀-၀-၀-၀-၀




## ဂရုဓမ္မအခါတော်နေ့ ထူးမြတ်ပေ့

\- - - - - - - - -

* ဝါတွင်းကာလ တော်သလင်းမို့
မွှေးပျံ့သင်း ရင်းမာတွေ ။
ပင်ယံတွင် ပွင့်ဖြာသ
လှသွေးကြွယ်စေ ။
ပြဗ္ဗာဘဒြပိုဒ် နက္ခတ်လေ
လွှမ်းမိုးနေ အချိန်ခါထူး ။
ဖျိုင်းတာရာ ဝဋ္ဌာလွှမ်းသမို့
အေးချမ်းရွှင်မြူး ။

* တိမ်လွှာညိုတို့ သွယ်ယှက်ကူးလို့
လျှပ်ရောင်ကျူး ကန်ရာသီ ။
ပုလဲရောင်ခြယ် မိုးစက်လွှမ်း
ဖျန်းပက်လေသည် ။
နဂါးသော် အရှေ့ဘက်ဆီ
ခေါင်းဦးတည် လှည့်စောင့်ကြပ် ။
ကြာသပတေး စနေ တူယှဉ်ဆက်ပါလို့
ရက်ရာဇာမှတ် ။

* ဗုဒ္ဓဟူးနှင့် စနေထပ်ကာပ
မကောင်းအပ် ပြဿဒါးပါ ။
သမီးကညာ ရာသီရပ်
စောင့်ချုပ်ပေရာ ။
သုံးဆယ်ရက်နဲ့ ပြည့်စုံစွာ
နေ လဖြာ ထွန်းတောက်ပ ။
ကြည်တာရာ ရောင်စုံလင်းပါတဲ့
တော်သလင်းလ ။

* ကျေးဇူးအရှင် မြတ်ဗုဒ္ဓ
မြွက်ကြားပြ တရားတွေ ။
သတ္တဝါအများ တည်ကြငှန်း
အေးချမ်းသာပေ ။
နိဗ္ဗာန်နန်းသို့ မှန်းကာလေ
ကျင့်ကြံစေ ဟောဖော်ကျူး ။
ဂရုဓမ္မအခါတော်မည် သမုတ်အပ်ပါတဲ့
ကောင်းမြတ်နေ့ထူး ။ ။

**သူ့ထက်တန်း(မန္တလေး)**

## သတင်းပဒေသာ

### အသိပညာပေး ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့ ညနေ ၄ နာရီက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြည်သူများသို့ အသိပညာပေးနိုးဆော်ခြင်းကို မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဗလငါးတန်နှင့်ပြည့်စုံစေရန် လူငယ်စကားဝိုင်း ကျင်းပ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်၊ လူငယ်များ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉နာရီခွဲက မင်းလှအခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ် တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကူညီကယ်ဆယ်ရေးလုပ်ငန်း၊ လျှပ်စစ်မီး၊ မြို့ရေပေးဝေရေး၊ ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးနှင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်မြတ်ခန်းမတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ ညှိနှိုင်းစည်းဝေး

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီခွဲက တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် အခြေခံစက်ချုပ်နည်းနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စစ်ကိုင်း မျက်မမြင်ကျောင်းခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်လုံးဆိုင်ရာ ချမ်းသာရဘုရားဂန္ဓကုဋိတိုက်တော်အတွင်းရှိ နန်းစဉ်ရုပ်ပွားတော်များ မှတ်တမ်းတင်ပြုစု



**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပုလိုင်းရပ်ရှိ ချမ်းသာရဘုရား၊ ဂန္ဓကုဋိတိုက်တော်တွင် ရှေးနှစ်ပေါင်းများစွာက မင်းအဆက်ဆက်ကိုးကွယ်တော်မူခဲ့သော နန်းစဉ်ရုပ်ပွားဆင်းတုတော်များ၊ အလှူရှင်များ လှူဒါန်းထားသော ရှေးဟောင်းရုပ်ပွားဆင်းတုတော်များ၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ရှိသူများမှ ကြွရောက်လှူဒါန်းထားသော နိုင်ငံအသီးသီးမှ ဓာတ်တော်၊ စွယ်တော်များ၊ စိန်ဘုရား၊ မြဘုရားများ ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်တော်အတွင်းမှ ရုပ်ပွားတော်များ၊ ရတနာပစ္စည်းများအား ချမ်းသာရဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးသိန်းလင်းအေးနှင့်အဖွဲ့ဝင်များ၊ ရှေ့လုပ်ငန်းပညာရှင်များက ဩဂုတ်လမှ စတင်ရွေ့အရည်အသွေးစစ်ဆေးခြင်း၊ ကျောက်မျက်ရတနာများ၊ အသေးစိတ်စစ်ဆေး၍ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလဆန်းတွင် ပြီးစီးခဲ့သည်။

ချမ်းအေးသာစံမြို့နယ်လုံးဆိုင်ရာ သမိုင်းဝင်ဆုတောင်းပြည့်ချမ်းသာရဘုရားတွင် လိုအပ်လျက်ရှိသော ဆိုလာမီးလျှပ်စစ်မီးအလှူတော်အတွက် စက်တင်ဘာ ၁၅ ရက်က မန္တလေးမြို့၊ သီရိဟေမာအနောက်ရပ်ကွက်နေ ကွယ်လွန်သူ (ဖခင်)ဦးကြည်ဝင်း+(မိခင်)ဒေါ်တင်တင်မြတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ် ၁၈ သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးပိုမြင့်နှင့်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၄၅)**

## မလွန်ဈေးဆန်လှူအသင်းကြီး(၁၂၈)နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု ရေစက်ချအခမ်းအနားညီမှုရာခန်းမတွင် ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်



ကွက်၊ (၃၂)လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြားရှိ မလွန်ဈေးဆန်လှူအသင်းကြီး၏ ၁၂၈နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု ရေစက်ချအခမ်းအနားကို အသင်းကြီး ညီမှုရာခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ အသင်းကြီး၏ ဓမ္မကထိက ဆရာတော်များ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး စစ်ကိုင်းတောင်ရိုးရတနာဓုဝံကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အသင်းဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့မှ တစ်နှစ်တာ ဆောင်ရွက်ချက်နှင့် လှူဒါန်းမှုများကို တင်ပြလျှောက်ထားရာ ဆရာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားမှုကို နာယူကြည်ညိုခဲ့သည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရတနာဓုဝံကျောင်းဆရာတော်ကြီးမှ ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(ကဆ)**

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ(ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အတွက် ရေစက်ချအနုမောဒနာဟောကြား ချီးမြှင့်ပြီး မန္တလေးမြို့၊ ၁၀၇(F) လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားနေ အလှူရှင် ဦးထွန်းရွှေ+ဒေါ်ရွှေဝမ် သား၊ သမီး၊ မြေးမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀



ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူးဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)(ကဆ)**

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသောဆရာတော်၊ သံဃာတော်များအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ၉၆ ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားမျစ်ချဉ်ချက်၊ ငါးပိထောင်းဘူးတို့ကို ၃၆ လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသောဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**



# တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့



### ဂရုဓမ္မအခါတော်နေ့

ဆရာတော် ဦးပညာသာမိ(မာဂဓီ-သာစည်)ရေးသားစီရင်တော်မူသော "ဗုဒ္ဓဘာသာဝင်တို့၏ အခါတော်နေ့ကြီးများ" ကျမ်းတွင် မြန်မာ့တစ်နှစ်တာ ဆယ့်နှစ်လတွင် ဗုဒ္ဓဘာသာဝင်တို့ ရှေးကပင် အဆက်မပြတ် အလေးဂရုထား ပြုလုပ်ခဲ့ကြသည့် အခါတော်နေ့ကြီး ၁၃ နေ့အကြောင်း ဖော်ပြထားသည်။ ဤ တော်သလင်းလပြည့်နေ့တွင် "ဂရုဓမ္မအခါတော်နေ့" ကို မြို့ပြရော ကျေးလက်ပါမကျန် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ တန်ခိုးကြီးစေတီပုထိုးတော်ကြီးများတွင် အထူးစည်ကားစွာ ဘာသာတရားကိုင်းရှိုင်းစွာဖြင့် ယနေ့တိုင် ကျင်းပပြုလုပ်ဆဲပင် ဖြစ်သည်။

တော်သလင်းလသည်ကား မြန်မာတို့၏ ဆယ့်နှစ်လတွင် ဆဋ္ဌမမြောက်လ ဖြစ်ပေသည်။

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ဝါခေါင်လသည် ခရစ်နှစ် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် တနင်္လာနေ့တွင် လကွယ်သဖြင့် တော်သလင်းလသည် ခရစ်နှစ် စက်တင်ဘာလ ၃ ရက်၊ အင်္ဂါနေ့တွင် လဆန်း ၁ ရက် ဖြစ်သည်။ အောက်တိုဘာလ ၂ ရက် ဗုဒ္ဓဟူးနေ့တွင် လကွယ်သည်။ သို့ဖြစ်၍ တော်သလင်းလသည် ရက်စုံလ ရက် ၃၀ အပြည့်ရှိသောလ ဖြစ်ပေသည်။ တော်သလင်းလပြည့်နေ့မှာ စက်တင်ဘာလ ၁၇ ရက် အင်္ဂါနေ့ ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတွင် ဆယ့်နှစ်လရာသီ အရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ကို ဖော်ပြရာ တော်သလင်းလ၏ ရာသီမှာ "ကန်ရာသီ" ဖြစ်သည်။ ရာသီရုပ်မှာ "လှေစီးသတို့သမီး" ရုပ်၊ ရာသီပွဲမှာ "ရေသဘင်ပွဲ" ဟု ဖော်ပြသည်။ ရာသီပန်းမှာ "ရင်းမာပန်း" စန်းယှဉ်နက္ခတ်မှာ "ပြုဗ္ဗဘဒြပိုဒ်" ဖြစ်သည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ယခုနှစ် ဝါဆိုလမှစ၍ မိုးကောင်းခဲ့သည်။ နိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် မိုးများကာ ရေးကြီး၊ ရေလျှံမှု ခေတ္တဖြစ်သော်လည်း မြန်မာပြည်အလယ်ပိုင်း အညာဒေသတွင်မူ မိုးမှန်ခဲ့သည်။ အဓိက မိုးစပါးကို မြန်မာပြည်ကျေးဇူးရှင် တောင်သူလယ်သမားကြီးတို့ ဧကသိန်းချီ၍ စိုက်ပျိုးနိုင်ခဲ့သည်။ သို့ဖြစ်၍ မည်သည့်ဒေသသို့ သွားသည်ဖြစ်စေ၊ လမ်းဘေး ဝဲ၊ ယာတွင် ကောက်ပင်များဖြင့် စိမ်းစိမ်းစိုလျက်ရှိသည်။ မြင်ရသူအပေါင်း ကြည်နူးကြရသည်။ မိုးရေအသင့်အတင့်ရပြီး ကုန်းကျသည့် ယာမြေများတွင်မူ မြေပဲ၊ ပဲစင်းငုံ၊ မတ်ပဲ၊ စားတော်ပဲတို့ကို အထူးစိုက်ပျိုးရရှိသည်။ မိုးနည်းပါးလေ့ရှိသည့် အချို့ဒေသများမှာဆိုလျှင် ဈေးကောင်းရရှိသော နှမ်းဖြူ၊ နှမ်းနက်(စမုန်)တို့များစွာဖြစ်ထွန်းခဲ့သည်။

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ဆည်မြောင်းနှင့် တာတမံတို့တွင် စံချိန်မီ မိုးရေသိုလှောင်နိုင်ကြသဖြင့် ဆောင်းရာသီ သီးနှံများအတွက်လည်း စိတ်ချရသည့် လလည်း ဖြစ်သည်။ တံတားဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ ပုဂံမြို့၊ ညောင်ဦးမြို့၊ ငါန်းမြာမြို့တို့တွင် ထူးခြားစွာပေါက်၍ ပင်ခြေမြင့်လှသော "ရင်းမာပန်း" ပင်ကြီးများတွင် ပန်းများဖွေးဖွေးလှိုင်အောင် ပွင့်ကြသည်။

### ဂရုဓမ္မသီလ၏ အကျိုး

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် "ဂရုဓမ္မသီလ" ဟု ဆိုအပ်သော ဘုရားဟောငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ကျင့်ကြံကြသူများ ဖြစ်သည်။ ဂရုဓမ္မသီလ မြဲမြံသဖြင့် အကျိုးကြီးမားပုံကို ဘုရားဟော "ငါးရာ့ငါးဆယ်နိပါတ်တော်" များအရ သိရှိနားလည် ကျင့်သုံးကြသည်။ တောင်သလင်းလပြည့်နေ့တွင် မိမိတို့ ဆိုင်ရာ ဘုရား၊ ကျောင်းများသို့ လှူဖွယ်ပစ္စည်းများဖြင့် သွားရောက်ကန်တော့ လှူဒါန်းကြပြီး၊ သီလပေးဆရာတော်၏ ငါးပါးသီလကို နာယူကြသည်။ ဥပုသ်စောင့်ကြလေ့ရှိကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ မန္တလေးမြို့ "မဟာမုနိရုပ်ရှင်တော်မြတ်" ကြီးရှိ ဓမ္မာရုံများတွင်လည်း နေ့လယ်ပိုင်း တရားပွဲများရှိကြသည်။ ရဟန်းသာမဏေ၊ သီလရှင်၊ ဥပုသ်တော်များ၊ ဘုရားဖူးများ တရားနာလေ့ရှိသည်။ ဂရုဓမ္မသီလတော်သည် တရားနာယူကျင့်သုံးသူကိုသာမက တစ်နိုင်ငံလုံးကိုပင် အကျိုးစီးပွား ဖြစ်ထွန်းစေသည်။

ရှေးအခါက "ကုရုတိုင်း" တွင် ဓနဥ္စယကောရဗျမင်း" အုပ်ချုပ်စဉ် နေပြည်တော်အဝန်းရှိ ပြည်သူတို့နှင့် အုပ်ချုပ်သောမင်းကြီးတို့သည် ဂရုဓမ္မသီလကို မြဲမြံစွာ စောင့်ထိန်းကျင့်သုံးကြသည်ဖြစ်၍ မင်းနေပြည်တော်အဝန်း မိုးလေဝသ ကောင်းမွန်သည်။ စိုက်သမျှသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အာဟာရပြည့်ဝသည်။ သို့ဖြစ်၍ ပြည်သူ၊ ပြည်သားတို့မှာ ကျန်းမာချမ်းသာ၊ ရွှင်လန်းကြသည်။ ငြိမ်းချမ်းလှသည်။ နိုင်ငံနီးချင်းဖြစ်သော "ကလိင်္ဂတိုင်း" မှာမူ ဂရုဓမ္မသီလမြဲမှုမရှိသဖြင့် မိုးလေဝသမမှန်ဘဲ၊ ရိက္ခာရှားပါးကာ ဆင်းရဲနွမ်းပါးကြသည်။ ထိုသို့ဖြစ်ကြရသည်မှာ "ဂရုဓမ္မသီလတော်" ၏ တန်ခိုးဟု မသိနားမလည်ဘဲ ကုရုတိုင်းရှိ ဆင်ဖြူတော်ကြီး "အဉ္ဇနဝဏ္ဏ" ရှိ၍သာဟုထင်ကြကာ သူတို့ မင်းကြီးထံ ဆင်ဖြူတော်ကြီး "အဉ္ဇနဝဏ္ဏ" ရရှိရေး လျှောက်ထားတောင်းဆိုကြလေသည်။ ထိုအခါ ကလိင်္ဂမင်းက တောင်းသဖြင့် ကုရုတိုင်းဘုရင်က ဆင်ဖြူတော်ကို ကြည်ဖြူစွာပေးပါသော်လည်း ဒုက္ခမှ လွတ်မြောက်ခြင်းမရှိဘဲ၊ ကုရုတိုင်းသားတို့ ချမ်းသာကြခြင်း၏ အဓိကအကြောင်းအရင်းသည် ဂရုဓမ္မသီလ မြဲမြံကြ၍သာ ချမ်းသာသုခရကြကြောင်း နားလည်သဘောပေါက် ကြသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ၊ တိုင်းပြည်မှန်သမျှ ပြည်သူ၊ ပြည်သားတို့ သူ့အသက် မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးယူခြင်း၊ သူ့သားမယားကို မပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ အရက်သေစာ သောက်စားမှုကင်းခြင်း စသည့် ဘုရားဟော ငါးပါးသီလကို တစ်သက်ပန် ကျင့်သုံးကြလေ့ရှိသည်။

နှစ်စဉ် တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မသီလ အခါတော်နေ့ကိုလည်း သတ်သတ်မှတ်မှတ် ပြုလုပ်ကြလေ့ရှိသည်။

### ရိုးရာလှေပွဲတော်များ

ရှေးမြန်မာ စာဆိုတို့သည် မြန်မာဆယ့်နှစ်လပွဲတော်များကို စာသင်သားတို့ မှတ်ရလွယ်ကူစေရန် လင်္ကာဖြင့် ကျက်မှတ်စေခဲ့သည်။ "သကြိန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဉ္စင်းတော်ခံ စာရေးတံနှင့် မြစ်ယံပွဲကြီး" စသည်ဖြင့် ဖြစ်သည်။ "မြစ်ယံပွဲကြီး" ဆိုရာ တော်သလင်းလ "မြစ်ယံပွဲ" "လှေပွဲ" "ရေသဘင်ပွဲ" ဟု ခေါ်ဆိုသည့် မြစ်တွင်းလှေပြိုင်ပွဲများ ကျင်းပပြုလုပ်သည့်လကို ညွှန်းဆိုသည်။

မြန်မာ့ရိုးရာ လှေသဘင်ပွဲများသည် မြန်မာ့မင်းအဆက်ဆက် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့်ပွဲ ဖြစ်သည်။ မြစ်ကြီး၊ ချောင်းကြီး၊ ကန်ကြီးများရှိသည့် ဒေသတို့တွင် နှစ်စဉ်ကြက်ပျံမကျ ရွာလုံးကျွတ်၊ ကမ်းလုံးညွတ်မျှ အားပေးကြသည့်ပွဲပင် ဖြစ်သည်။ နှစ်စဉ် တော်သလင်းလပြည့်နေ့၊ လပြည့်ကျော် ၈ ရက်နေ့၊ လကွယ်နေ့များတွင် ကျင်းပလေ့ရှိသည့် လှေပွဲသဘင်ကို ရှင်ဘုရင် ကိုယ်တိုင် တော်ဝင်လှေတော်နှင့် မင်းသား၊ မင်းသမီး၊ မင်းမိဖုရားတို့ ခြံရံကာ ရှုစားလေ့ရှိသည်။ ပြိုင်သည့် တော်ဝင်လှေတော်များမှာ "ရွှေခဲလှေတော်" "နတ်များလှေတော်" "ရွှေတုံးလှေတော်" စသည် နာမည်ကြီး ပြိုင်လှေတော်များဖြင့် အားကောင်းမောင်းသန် လှေတော်သားများ မွေးမြူလေ့ကျင့်ခါ ပြိုင်ကြသည်။ ပန်းတိုင်ဖြစ်သည့် ရွှေသားစက်ကွင်း ပထမရောက်သည့် အနိုင်ရလှေကို ဆုကြီးများ ချီးမြှင့်လေ့ရှိသည်။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယနေ့တိုင် "လှေပြိုင်ပွဲများ" ပြုလုပ်ဆဲ ဖြစ်သည်။

### ဂရုဓမ္မသီလ အခါတော်နေ့

ဗုဒ္ဓဘာသာမြန်မာတို့သည် နှစ်စဉ် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့တွင် အထူးသီလပွဲ၊ တရားပွဲများဖြင့် အစဉ်အလာကြီးမားစွာ ကျင်းပမြဲ ဖြစ်သည်။ ငါးပါးသီလကို နေ့စဉ် စောင့်ထိန်းကြလေ့ရှိသည်။

သို့ဖြစ်၍လည်း မိုးလေဝသကောင်းမွန်ကာ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ကြသည်။ တော်သလင်းလ နှောင်းမိုးသည် နိုင်ငံတစ်ဝန်း အေးချမ်းသာယာမှုကိုပေးမည့် မိုးဖြစ်သည်။ ဂရုဓမ္မသီလနှင့် ပြည်သူတို့ ပြည့်စုံကြသည်ဖြစ်၍ နိုင်ငံနှင့် နိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာမည့်လဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဆရာစန်း(မန်းမြို့သစ်)

# ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တောင်သာမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော PDF အမည်ခံ အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်း၊ အလောင်းအချို့နှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများကို ဒေသခံပြည်သူလူထုက ရွံရှာမုန်းတီးလျက်ရှိပြီး တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation)ကို ဆောင်ရွက်မှုတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တောင်သာမြို့နယ် သာယာကြီးကျေးရွာအနီး ခိုအောင်းလှုပ်ရှားနေသော အကြမ်းဖက်သောင်းကျန်းသူများကို စနစ်တကျ ချီတက်ရှင်းလင်းခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ သာယာကြီးကျေးရွာ၏ မြောက်ဘက်ခြမ်း ကျေးရွာစာသင်ကျောင်းနှင့် ဓမ္မပါလဘုန်းကြီးကျောင်းတိုက်ဝန်းကျင်၌ အင်အားစုဖွဲ့ အခြေပြုလျက်ရှိသည့် ခေါင်းဆောင်နှင့် အင်အားစိစစ်ဆဲ အကြမ်းဖက်အဖွဲ့များနှင့် လုံခြုံရေး တပ်ဖွဲ့များ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းအချို့နှင့် ပစ္စတိုတစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ ကျည်အိမ်တစ်ခုကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ထိတွေ့မှုဖြစ်ပွားသော နေရာတစ်ဝိုက်သို့ ဆက်လက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ အသုံးပြုသော မော်တော်ယာဉ်အချို့၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ ဒေသန္တရကွန်ကြူပိုက်မိုင်းအကြီး ခြောက်လုံး၊ အသေးငါးလုံး၊ စနက်တံအခု ၂၀၊ ၅.၅၆ မမကျည် ၁၄၀ တောင့်နှင့် ဝိုင်ယာကြိုးနှစ်ခွေ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း အသေးစိတ် ဆက်လက်ရှင်းလင်းခဲ့ရာ နေ့လယ်ပိုင်းမှစ၍ တောင်သာ၊ နွားထိုးကြီးနှင့် မြင်းခြံဒေသ ပတ်ဝန်းကျင်ရှိ အကြမ်းဖက်အဖွဲ့များ စုစည်းသည့်အင်အားစုဖြင့် ရွာတောင်ဘက်ခြမ်း၌ ထပ်မံထိတွေ့မှုဖြစ်ပွားခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

အကြမ်းဖက် အဖွဲ့များသည် နီးစပ်ရာစုစည်း၍ အင်အားများ ထပ်မံဖြည့်တင်း တုံ့ပြန်လာသည့်အတွက် လေကြောင်းပစ်ကူရယူ၍ ချေမှုန်းခဲ့ရာ ပစ်ခတ်မှုများ ညနေပိုင်းတွင် ပြီးဆုံးခဲ့သည်။









တောင်သာမြို့ သာယာကြီးကျေးရွာတွင် အကြမ်းဖက်သမားများ၏ လက်နက်၊ ခဲယမ်းနှင့် အကြမ်းဖက်ပစ္စည်းများ ဖမ်းဆီးရရှိသည့် မှတ်တမ်းဓာတ်ပုံ။



တောင်သာမြို့ သာယာကြီးကျေးရွာတွင် အကြမ်းဖက်သမားများ အသုံးပြုသည့် မော်တော်ယာဉ်များအား ဖမ်းဆီးရရှိသည့် မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့များ ထိခိုက်သေဆုံး ဒဏ်ရာအများအပြားဖြင့် သာယာကြီးရွာအတွင်းမှ တောင်ဘက်နှင့်အနောက်ဘက်များသို့ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားပြီး မိမိလုံခြုံရေးတပ်ဖွဲ့ဝင်အချို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ယခုကဲ့သို့ ယုံကြည်စွာ သတင်းပေးမှုအပေါ် အရေးယူဆောင်ရွက်လာခြင်းကြောင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများက ဝမ်းမြောက်ကျေးဇူးတင်ကြလျက်လိုအပ်သည့် ကူညီပံ့ပိုးမှုများ အပြည့်အဝ ပူးပေါင်းကူညီ ဆောင်ရွက်လျက် ရှိကြောင်းနှင့် တပ်မတော် စစ်ကြောင်းများမှလည်း အကြမ်းဖက်အဖွဲ့အစည်းများ၏ မတရားနှိပ်စက်ညှဉ်းပန်း၍ ဆက်ကြေးကောက်၊ လူသတ်၊ ပြန်ပေးဆွဲလုပ်ရပ်များ ခံစားရသည့် ကျေးရွာများသို့ ကိုယ်တိုင်သတင်းဖော်ထုတ်၍ လည်းကောင်း၊ ယုံကြည်စိတ်ချရသည့် ဒေသခံရွာသူ၊ ရွာသားများထံမှ သတင်းရရှိမှုအပေါ် မူတည်လျက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်မှု ပြဋ္ဌာန်းချက်ပါအတိုင်း ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဇီးကုန်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘော်ဘင်ရေလှောင်တမံ ရေပြည့်လျှံ၍ ဆည်ရေဖောက်ချမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားနေသည်ဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး(အနောက်) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဘော်ဘင်ရေလှောင်တမံ ရေပြည့်လျှံ၍ ဆည်ရေဖောက်ချမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားနေသည်ဟု မဟုတ်မမှန်သတင်းများအား တရားမဝင် ပြည်ဖျက်ပြည်ဖျက် မီဒီယာ Tharyarwaddy 8 City က ရေးသားထုတ်ဝေလျက်





ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယင်းကဲ့သို့ ဆည်ရေဖောက်ချခြင်း မရှိကြောင်း၊ လိုအပ်၍ ဆည်ရေများ ပြည့်လျှံပြီး ဖောက်ချရမည့် အခြေအနေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာသို့ တင်ပြ၍ အသိပေးကြေညာချက် ထုတ်ပြန်ပြီး ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးမှသာ ပြုလုပ်ရကြောင်း၊ မိမိတို့သဘောဖြင့် ပြုလုပ်၍မရကြောင်းကို အဆိုပါသက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ သတင်းသည် နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တောင်သာမြို့နယ် ပြဿဒ်ကြီးရွာကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် စေတီတော်များ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၆

မန္တလေးတိုင်း ဒေသကြီး တောင်သာမြို့နယ် ပြဿဒ်ကြီးရွာ ဘုရားကြီးကျောင်းကို တပ်မတော်က လေကြောင်းဖြင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် စေတီတော်များ ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။





အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ဆောင်ရွက်နေသည့် ကာလအတွင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာများကိုသာ ပစ်မှတ်ထား၍ အကြမ်းဖက်မှုနှိမ်နင်းရေးကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထား ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ပုထိုးများအား ဘတ်ဟိုးများဖြင့် ဖြိုချဖျက်ဆီးခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများကို အကာအကွယ်ရယူကာ တိုက်ပွဲများ ဖော်ဆောင်နေခြင်းနှင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းများ ကျူးလွန်လျက်ရှိသည်ကို ပြည်သူများအသိပင် ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍လည်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ဘာသာရေးနှင့် ပတ်သက်၍ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေနေ ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## ငွေကြေးကျခံပြီး အာကာသလမ်းလျှောက်ထွက်သူများ ကမ္ဘာမြေသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိလာ



**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စုမှ သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်း ဦးဆောင်သော ငွေကြေးကျခံပြီး အာကာသလမ်းလျှောက်ထွက်သူများ စက်တင်ဘာ ၁၅ ရက်က ကမ္ဘာမြေသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၃ နာရီ ၃၇ မိနစ်တွင် စပေ့စ်အိတ်ခ်ကုမ္ပဏီက စီစဉ်လွှတ်တင်ခဲ့သည့် ဒရက်ဂွန် အာကာသယာဉ်အစိတ်အပိုင်း အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းရိုးတန်းလွန် ရေပြင်ပိုင်နက်တစ်နေရာသို့ ကျလာခဲ့သည်။

ရေပေါ်ပေါလောမျောနေသော ထိုအာကာသယာဉ် အစိတ်အပိုင်းကို နာရီဝက်အတွင်း ဆယ်ယူပြီးနောက် လိုက်ပါလာသူ လေးဦးကို ကျန်းမာရေး စစ်ဆေးပေးသည်။

ထို့နောက် စပေ့စ်အိတ်ခ်ကုမ္ပဏီ၏ အင်ဂျင်နီယာ အန်နာမီနွန်၊ အခြားအင်ဂျင်နီယာ ဆာရာဂီလစ်၊ လေတပ်ဒုတိယဗိုလ်မှူးကြီးဟောင်း စကော့ပိုတိနှင့် အစီအစဉ်မှူး သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်းတို့ လေးဦး အာကာသယာဉ်ထဲမှ တစ်ဦးစီ အစဉ်လိုက် ထွက်လာခဲ့ကြကြောင်း သိရသည်။ **Mon**

## နိုင်ငံကူးပြောင်းသူများ၏မော်တော်ကို ပိတ်ဆို့မှုဖြင့် အီတလီဒုတိယဝန်ကြီးချုပ် စစ်ဆေးကြားနာခြင်းခံရ



**ရောမ စက်တင်ဘာ ၁၆**

နိုင်ငံကူးပြောင်းသူများ၏ မော်တော်ကို ပိတ်ဆို့မှုဖြင့် အီတလီ ဒုတိယဝန်ကြီးချုပ် မတ်တေယိုဆာလ်ဗီနီ စစ်ဆေးကြားနာခြင်းခံနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၀၁၉ ခုနှစ် ဩဂုတ်လက ကမ်းလက်များဟု အမည်ရသည့် ပရဟိတအဖွဲ့အစည်းက နိုင်ငံကူးပြောင်းလာသူ ၁၄၇ ဦးကို မော်တော်တစ်စင်းဖြင့် ဘေးကင်းလုံခြုံအောင် ပို့ဆောင်ပေးခဲ့သည်။

ဝင်ရောက်ခွင့်ပိတ်ပင်ပြီး သုံးပတ်ခန့်ကြာမှ ဒုတိယဝန်ကြီးချုပ် မတ်တေယိုဆာလ်ဗီနီက ထိုမော်တော်ကို လမ်ပေဒူဆာကျွန်းသို့ ဆိုက်ကပ်ခွင့်ပြုခဲ့သည်။

လိုက်ပါလာခဲ့သော နိုင်ငံကူးပြောင်းလာသူများ အရေးပေါ်အခြေအနေ ကြုံတွေ့နေရခြင်း မရှိသဖြင့် လိုအပ်သည်များကို စစ်ဆေးပြီးမှ ထိုသို့ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဇန်နဝါရီလတွင် ၎င်းက ရှင်းပြခဲ့ကြောင်း သိရသည်။ **Mon**

0-0-0-0-0

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အတွက် မြောက်ကိုရီးယား၌ လွှတ်တော်ခေါ်ယူမည်



**ပြုံယမ်း စက်တင်ဘာ ၁၆**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အတွက် မြောက်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာ ၇ ရက်တွင် လွှတ်တော်ခေါ်ယူမည်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇန်နဝါရီလကတည်းက ခေါင်းဆောင် ကင်မ်တောင်းဆိုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြဋ္ဌာန်းရေးအတွက် ယင်းလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးသွားကြမည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးပိုမိုတင်းမာလာခြင်းအပေါ် အကြောင်းပြုကာ ကိုရီးယားပြန်လည်ပေါင်းစည်းရေးနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို ပယ်ဖျက်သွားဖွယ်ရှိကြောင်း သိရသည်။ **Mon**

## ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန်ကြိုးစားမှု ဖြစ်ပွား ရိုင်ယန်ရုသ်ကို အဓိကသံသယရှိသူအဖြစ် ဖော်ထုတ်



**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းခြေရှိ ထရမ့်အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်အားကစားကွင်းတွင် စက်တင်ဘာ ၁၅ ရက်က ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန် ကြိုးစားမှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဓိကသံသယရှိသူ အမျိုးသား အဆိုပါဂေါက်ကွင်းထဲရှိ ချုံပုတ်ထဲတွင် ဝင်ပုန်းကာ အေကေ ၄၇ ပုံစံ ရိုင်ဖယ်သေနတ်ဖြင့် ထရမ့်ကို ပစ်ခတ်ပြီး လုပ်ကြံရန် ကြံစည်အားထုတ်နေစဉ် အက်ဖ်ဘီအိုင်အရာရှိများ ထောက်လှမ်းသိရှိကာ ပစ်ခတ်ဖမ်းဆီးကြရာ သံသယရှိသူ ကားမောင်းပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အက်ဖ်ဘီအိုင်နှင့် ရဲအရာရှိများ ပူးပေါင်းကာ ၎င်းနောက်သို့ လိုက်ခဲ့ရာ ၄၅ မိနစ်ခန့်အတွင်း လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း အက်ဖ်ဘီအိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ထိုသို့ ဒေါ်နယ်လ်ထရမ့်ကို လုပ်ကြံရန် ကြိုးစားခဲ့သူမှာ အသက် ၅၈ နှစ်အရွယ် ရိုင်ယန်ရုသ်ဆိုသူဖြစ်ကြောင်း အက်ဖ်ဘီအိုင်နှင့် ဖလော်ရီဒါရဲတပ်ဖွဲ့က အတည်ပြုခဲ့ကြောင်း သိရသည်။ **Mon**



## ဘီဘင်ကာတိုင်ဖုန်းမုန်တိုင်း ရှန်ဟိုင်းမြို့သို့ဝင်ရောက် မြို့နေလူထု အပြင်မထွက်ကြရန် ကြိုတင်ကြေညာထား

**ပေကျင်း စက်တင်ဘာ ၁၆**

ဘီဘင်ကာတိုင်ဖုန်းမုန်တိုင်း စက်တင်ဘာ ၁၆ ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ဝင်ရောက်တိုက်ခတ်ရာ မြို့နေလူထု အပြင်မထွက်ကြရန် သက်ဆိုင်ရာက ကြိုတင်ကြေညာထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းမျက်စိနေရာတွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၅၁ ကီလိုမီတာအထိ ရောက်ရှိနေကြောင်း မုန်တိုင်းပညာရှင်များ တိုင်းတာတွေ့ရှိခဲ့သည်။

ဆိပ်ကမ်းအာဏာပိုင်အဖွဲ့က ငါးဖမ်းလှေများအပါအဝင် ရေယာဉ်များကို လှိုင်းပုတ်မှုဒဏ်မှ ကင်းလွတ်မည့်နေရာတွင် စုဝေးဆိုက်ကပ်ထားရှိရန် ညွှန်ကြားပြီးဖြစ်ကြောင်း သိရသည်။ **Mon**

## နာမည်ကျော် ခေတ်ပြိုင် လက်ဘနွန် ဝတ္ထုရေးဆရာ ကူရီ ၇၆ နှစ်အရွယ်၌ နာတာရှည်အဖျားရောဂါဖြင့် ကွယ်လွန်

**ဘေရွတ် စက်တင်ဘာ ၁၆**

နာမည်ကျော် ခေတ်ပြိုင် လက်ဘနွန် ဝတ္ထုရေးဆရာ အယ်လီယတ်စ်ကူရီ စက်တင်ဘာ ၁၅ ရက်က ၇၆ နှစ်အရွယ်၌ နာတာရှည်အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ယနေ့ခေတ်ပြိုင် အာရပ်စာပေနယ်တွင် အထင်ကရ စာရေးဆရာတစ်ဦးအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသော ဝတ္ထုရေးဆရာ အယ်လီယတ်စ်ကူရီသည် ယမန်နှစ်က ဆေးရုံအကြိမ်ကြိမ်တက်ရောက်ပြီး ဆေးဝါးကုသမှုခံယူခဲ့သည့်တိုင် ဝေဒနာမသက်သာဘဲ ဆက်လက်ဖျားနာနေခဲ့သည်။

၎င်း၏ စာပေဘဝတစ်လျှောက်လုံးတွင် ပါလက်စတိုင်းလူမျိုးစုများ၏ ဆင်းရဲဒုက္ခကို စာပေဖြင့် ထင်ဟပ်ဖော်ထုတ်ရေးသားခဲ့သည်။

၎င်း၏ အကျော်ကြားဆုံးဝတ္ထုမှာ နေမင်းတံခါးဖြစ်ပြီး ၁၉၄၈ ခုနှစ်က ပါလက်စတိုင်းတို့ လက်တွေ့ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်များကို ရေးသားထားခြင်း ဖြစ်သည်။

ယင်းလက်ဘနွန်ဝတ္ထုရေးဆရာ အယ်လီယတ်စ်ကူရီ၏ စာပေလက်ရာများကို ပြင်သစ်၊ အင်္ဂလိပ်၊ ဂျာမန်၊ ဟီးဘရူး၊ စပိန်ဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားကြောင်း သိရသည်။ **Mon**

0-0-0-0-0



ရိုမေးနီးယားနိုင်ငံ ဆလိုဘိုဇီယာကိုနာချီကျေးရွာတွင် ဘိုးရစ်မုန်တိုင်းကြောင့် မိုးသည်းထန်ရေကြီးနေသော မြင်ကွင်းတစ်ခုကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။ **Mon**

**STOP AIDS**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၆

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၆ သို့ ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားစဉ်။

## ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တော အပိုင်း (၁) နှင့် အပိုင်း (၂) သတ်မှတ်



ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တော အပိုင်း(၁) နှင့် အပိုင်း (၂) တို့၏ သဘာဝရှုခင်းကို တွေ့ရစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက(၃၃၀) ရှိသော နယ်မြေကို **“ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တောအပိုင်း(၁)”** နှင့် ဧရိယာအကျယ်အဝန်း ဧက (၃၀) ရှိသော နယ်မြေကို **“ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တောအပိုင်း(၂)”**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၂/ ၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း (၇)ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ရွှေနတ်တောင် ကြိုးပြင်ကာကွယ်တောအပိုင်း(၁)နှင့်အပိုင်း(၂)သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အပူပိုင်းဒေသ၏ ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ရှား၊ ထနောင်း၊ တမာ၊ ဆူးဖြူ၊ နဘဲ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်း သုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက်ပစ္စည်းများ ပိုမိုရရှိနိုင်ခြင်း၊ အရိပ်နှင့် နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ငုံး၊ ယုန်၊ ရှဉ့်စသည့် တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေတိုက်စားမှု၊ လေတိုက်စားမှုများမှ တားဆီးကာကွယ်နိုင်မည် ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန